ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊နှောင်းတန်ခူးလပြည့်ကျော် ၁၂ရက်၊ သောကြာနေ့၊ (16-4-2004)(၄၂၀၅)

သမဏာနဉ္စ ဒဿနံ
တေ မင်္ဂလ မုတ္တမံ။

ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေ နယ်စပ်/ စည်ပင်ဝန်ကြီးဌာန မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲပါဝင်ဆင်နွှဲ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များချီးမြှင့်

ရန်ကုန်　ဧပြီ　၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ သာကေတမြို့နယ် သန်လျင်တံတားအနီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၏ နဝမအကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်မဏ္ဍပ်သို့ရောက်ရှိကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်သန်းထွန်းနှင့် ဗိုလ်မှူးကြီးတင်ငွေ၊ ဌာနအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများနှင့် မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဖိတ်ကြားထားသော ကချင်ပြည်နယ် ဆွမ်ပရာဘွမ်ဒေသမှ ဂျိန်းဖောတိုင်းရင်းသား၊တိုင်းရင်းသူများ၊ နောင်မွန်းဒေသမှ ရဝမ်တိုင်းရင်းသား၊တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)လောက်ကိုင်၊ ကုန်းကြမ်းဒေသမှ ကိုးကန့်တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ပန်ဆန်းဒေသမှ “ဝ”တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဒေသမှ အခါတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ပါလျှို၊ ကျိုင်းလပ်ဒေသမှ ယွန်းတိုင်းရင်းသား၊တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်း၊ ကျိုင်းခမ်းဒေသမှ ရှမ်းတိုင်းရင်းသား၊တိုင်းရင်းသူများ၊ ကျောက်တလုံးဒေသမှ ပအိုဝ်းတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ကယားပြည်နယ် မိုးဗြဲဒေသမှ ကယားတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ မော်ချီးဒေသမှ ကရင်တိုင်းရင်းသား၊တိုင်းရင်းသူများ၊ မွန်ပြည်နယ် ရေးတောင်ခြမ်းဒေသမှ မွန်တိုင်းရင်းသား၊တိုင်းရင်းသူများ၊ ကရင်ပြည်နယ် လှိုင်းဘွဲ့ဒေသမှ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ၊တနင်္သာရီတိုင်း ချောင်ချိဒေသမှ မွန်တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ရခိုင်ပြည်နယ် မောင်တောဒေသမှ သက်တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ချင်းပြည်နယ် ထန်တလန်ဒေသမှ ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ စစ်ကိုင်းတိုင်း ပင်လယ်ဘူး၊ ဗန်းမောက်ဒေသမှ ကဒူးတိုင်းရင်းသား၊တိုင်းရင်းသူများ၊ နန်းယွန်း ပန်ဆောင်ဒေသမှ နာဂ တိုင်းရင်းသား၊ တိုင်းရင်းသူများ ပါဝင်သည့် နယ်စပ်ဒေသ ယဉ်ကျေးမှု အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့က သပြေခက်ဖြင့် အတာရေများ ပြန်လည်ပက်ဖျန်းကြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်
စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

သပြေခက်ဖြင့် အတာရေပက်ဖျန်း

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ နဝမအကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်မဏ္ဍပ်တွင် မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲရန် နယ်စပ်ဒေသများမှ ရောက်ရှိနေသော တိုင်းရင်းသားလူမျိုးများအား အတာရေများကို သပြေခက်ဖြင့် ပက်ဖျန်းစဉ်။ (သတင်းစဉ်)

မဟာသင်္ကြန်(ဒုတိယ)အကြတ်နေ့ ရန်ကုန်မြို့တော်တစ်ခွင် စည်ကား ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေသဘင်ပွဲတော် ဆက်လက်ဆင်နွှဲ

ရန်ကုန်　ဧပြီ　၁၅

ယနေ့သည် မဟာသင်္ကြန်(ဒုတိယ)အကြတ်နေ့ဖြစ်သည်။ မဟာသင်္ကြန် အကြိုနေ့မှ စတင်၍ ပြည်သူအများ ပျော်ရွှင်စွာရေသဘင်ပွဲဆင်နွှဲကြရာ လိုအပ်သောရေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အလုံအလောက်ပေးဝေနိုင်မှုကြောင့် ရန်ကုန်မြို့တော်အတွင်း လမ်းများသည် သင်္ကြန်ရေကြောင့် သစ်လွင်သန့်ရှင်းနေသည်ကို တွေ့ရသည်။ ထို့အတူ ပြည်သူအချင်းချင်း အပြန်အလှန်ရေပက်ဖျန်းကြရာတွင် မဟာသင်္ကြန် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် အဖွဲ့အစည်းအဆင့်ဆင့်တို့က လိုအပ်သောပံ့ပိုးမှုနှင့် ကြီးကြပ်ကွပ်ကဲမှုတို့ကြောင့် သင်္ကြန်ချစ်သူပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသည်ကို ကြည်နူးဖွယ်တွေ့ရှိရသည်။

အလားတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သန့်ရှင်းရေးလုပ်သား၊ အလုပ်သမများကလည်း သင်္ကြန်ကာလအတွင်း ပြည်သူများရေကစားကြပြီးချိန်၌ မြို့တော်လမ်းများ မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပနေစေရန် သန့်ရှင်းရေး ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးသဖြင့် ရန်ကုန်မြို့တော်တစ်ဝန်းလုံး သန့်ရှင်းလျက်ရှိသည်ကို တွေ့ရှိရသည်။ ယနေ့ မဟာသင်္ကြန်(ဒုတိယ)အကြတ်နေ့တွင် ရန်ကုန်မြို့တော်သူ မြို့တော်သားများ မဟာသင်္ကြန်ရေသဘင်ပွဲကို အားပါးတရ ဆင်နွှဲလျက်ရှိကြရာ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ၌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်
စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၆–၄–၂၀၀၄
(သောကြာနေ့)

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှာကြားချက်နှင့်အညီ စီမံကိန်းရည်မှန်းချက်များ ပြီးမြောက်အောင်ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် ဧပြီလ ၇ရက်တွင် မန္တလေးမြို့အနီး၌ တည်ဆောက်နေသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် ရပ်စောက်–နောင်ချိုကားလမ်းရှိ ဒုဋ္ဌဝတီမြစ်ကူး ဒုဋ္ဌဝတီတံတား(နောင်ချို) တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ဒုဋ္ဌဝတီမြစ် (သို့မဟုတ်) မြစ်ငယ်မြစ်ပေါ်တွင် အကောင်အထည်ဖော်လျက်ရှိပြီး စက်လေးလုံးဖြင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၇၈၀ ထုတ်လုပ်ပေးမည့် နိုင်ငံတော်၏ အကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်းကြီးဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရပ်စောက်–နောင်ချိုကားလမ်းရှိ ဒုဋ္ဌဝတီမြစ်ကူး ဒုဋ္ဌဝတီတံတား (နောင်ချို) တည်ဆောက်ရေးလုပ်ငန်းသို့ရောက်ရှိစဉ် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားရာတွင်–

"ရပ်စောက်–နောင်ချိုကားလမ်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အကြား အရေးပါသည့် ဆက်စပ်လမ်းတစ်လမ်းဖြစ်ရာ သွားလာမှုလွယ်ကူသွက်လက်ရေးအတွက် လမ်းသားချောမွေ့ကောင်းမွန်အောင် ကြိုးပမ်းပြုပြင်ဆောင်ရွက်ကြရန်နှင့် ဒုဋ္ဌဝတီတံတား(နောင်ချို)ကိုလည်း ခိုင်ခိုင်ခံ့ခံ့နှင့် အမြန်ဆုံးပြီးစီးအောင် တည်ဆောက်ကြရန်" ပြောကြားသွားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များနှင့်အတူ ဧပြီလ ၈ရက်တွင် ပြင်ဦးလွင်မြို့နယ် အနီးစခန်းလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ရေရှည်တွက်ချက်စဉ်းစား ဆောင်ရွက်သင့်သည်များကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ ပြင်ဦးလွင်ဆေးဝါးစက်ရုံသစ်သို့ သွားရောက်သည်။

ပြင်ဦးလွင်ဆေးဝါးစက်ရုံသစ်နှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင်–

"ယခုဆေးဝါးစက်ရုံသည် အများပြည်သူ အသုံးများပြီး အရေးကြီးသော ဆေးဝါးများ၊ အစွမ်းထက်သော ဆေးဝါးများကို ထုတ်လုပ်ပေးနိုင်အောင် ညှိနှိုင်းစီမံရန်လိုကြောင်း၊ လူအသုံးနည်းပြီး ခေတ်မမီတော့သည့် ဆေးဝါးများထုတ်လုပ်နေ၍ မဖြစ်ကြောင်း၊ ရေရှည်၌ မိမိခြေထောက်အပေါ် မိမိရပ်တည်၍ စက်ရုံလည်ပတ်နိုင်အောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ လိုအပ်သော ကုန်ကြမ်းများနှင့် စပ်လျဉ်း၍ သုတေသနပြုလုပ်ပြီး ရှာဖွေထုတ်လုပ်နိုင်ရန်လိုကြောင်း" ပြောကြားသွားသည်။

ပြင်ဦးလွင်ဆေးဝါးစက်ရုံသစ်ကို တည်ဆောက်ခြင်းဖြင့် မြန်မာပြည်အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများ၌ ဆေးဝါးနှင့် ဆေးဝါးပစ္စည်းများကို လွယ်ကူမြန်ဆန်စွာ ဖြန့်ဖြူးနိုင်မည်ဖြစ်ပြီး ပြည်ပမှ ဆေးဝါးတင်သွင်းမှုကိုပါ လျှော့ချသွားနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ စီမံကိန်းရည်မှန်းချက်များ ပြီးမြောက်အောင်မြင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူအသီးသီးတို့က အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက် သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မြန်မာ့အတာသင်္ကြန်ကို မှတ်တမ်းတင်ရိုက်ကူးမည့် စီစီတီဗွီရုပ်မြင်သံကြားအဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် ဧပြီ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော မြန်မာနိုင်ငံ၏ အတာသင်္ကြန်ပွဲတော်ကို ရုပ်မြင်သံကြားမှတ်တမ်းတင် ရိုက်ကူးထုတ်လွှင့်ပေးမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုရုပ်မြင်သံကြားဌာန (China Central Television - CCTV)မှ Producer, Ms. Wang Xian ခေါင်းဆောင်သည့် အဖွဲ့ဝင်သုံးဦးပါ မှတ်တမ်းတင် ရုပ်မြင်သံကြားရိုက်ကူးရေးအဖွဲ့သည် ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုရုပ်မြင်သံကြားဌာနမှ မှတ်တမ်းတင် ရုပ်မြင်သံကြားရိုက်ကူးရေးအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော မြန်မာနိုင်ငံ၏ အတာသင်္ကြန် ပွဲတော်ကို ရုပ်မြင်သံကြား မှတ်တမ်းတင်ရိုက်ကူး ထုတ်လွှင့်မည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုရုပ်မြင်သံကြားဌာန (China Central Television -CCTV) မှ Producer, Ms. Wang Xian ခေါင်းဆောင်သည့် အဖွဲ့များ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ချမ်းအေးဆရာတော် ရွှေရတုဘဝခရီး စာစောင်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၁၅

ချမ်းအေးဆရာတော် ဘဒ္ဒန္တ နာဂသေနာဘိဝံသထေရ်၏ သက်တော် (၅၀)ပြည့် အထိမ်းအမှတ်အဖြစ် စီမံထုတ်ဝေလိုက်သော ချမ်းအေးဆရာတော် ရွှေရတုဘဝ ခရီးစာစောင်တွင် ဆရာတော်၏ သာသနာ့ဝန်ထမ်းဘဝ ဖြစ်စဉ် ဖြစ်ရပ်များအကျဉ်း၊ ဘာသာ၊ သာသနာဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများ၊ ပရိယတ္တိသာသနာကို အခြေခံ၍ ပဋိပတ္တိ သာသနာကို ထူထောင်ကာ ပဋိဝေဓသာသနာ၌ မည်ပုံ မည်သို့ တည်ဆိုက်အောင် အားထုတ်ခဲ့ပုံတို့ကို ဖော်ပြထားသည်။

ယင်းစာစောင်ကို ချမ်းအေးရိပ်သာ ရန်ကုန်မြို့ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ် ဖုန်း–၅၇၂၁၀၆ က ထုတ်ဝေဖြန့်ချိသည်။

(သတင်းစဉ်)

နှစ်ကူးဆုတောင်း

နွေတန်ခူး ပေမို့
ရွှေဖူးစီ သည်ပုရစ်ကယ်က
လေရူးချီ လည်အလှစ်တွင်ဖြင့်
သစ်ဆန်းသည့် ပုံအသွင်။
ကိုးခွင်နယ် ဘောင်အတွင်းမှာလ
မိုးပြင်ဝယ် အရောင်လင်းအောင်လို့
လေညင်းဆောင် ဖွေအလှစ်တွင်ဖြင့်
ရွှေအနှစ် ပိတောက်ဦးတွေက
ဖူးသစ် ပျော်ရွှင်။
မြစ်နဒီသောင်ယံထက်မှာလ
ချစ်ပလီ မောင်နှံငှက်ကယ်တို့
တောင်ပံယှက်ကာ စာခွံ့ကျွေးသည့်ပြင်
ချစ်တေးဖြင့် ဆိုသည့်အသွင်
ပျော်ရွှင်မယ့် နိမိတ်ကောင်း။
ညီမျှသာယာ
သည်လ သည်အခါဖြင့်
ပြည်မြန်မာ ကောက်နှံစပါးတွေနဲ့
ရည်လျှံဖြာ ကျောက်သံပတ္တမြားတွေက
မောက်လျှံပွား ဖြာဖြာဝေလို့
အတာရေ ဖြာဝေလောင်းပါရ
မြန်မာပြေ (ပြည်) သာစေကြောင်းကိုပ
(ပြည်သူတို့ရယ်) ဆုတောင်းပါကြောင်း။ ။

တက္ကသိုလ်တင်ခ

ဒါတွေကို သိဖို့လိုတယ်

✻ မြောက်တိုင်းလည်း မမြောက်နဲ့
✻ ခြောက်တိုင်းလည်း မကြောက်နဲ့
✻ ချော့တိုင်းလည်း မပျော့နဲ့

❍ **ကျောဖုံးမှ**

တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဧရာဝတီတိုင်းမှ တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆရာဝန်များ၊ သူနာပြုဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ကရင်ဒုံးယိမ်းအဖွဲ့၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

အစီအစဉ်အရ ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံကြီး ခုတင်(၅၀)ဆံ့ တိုးချဲ့ဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားကို အဆိုပါတိုးချဲ့ဆေးရုံသစ်ရှေ့၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဦးအုံ့ကျော်နှင့် ရန်ကုန်မြို့ ရွှေဂုံတိုင်အထူးကုဆေးခန်းမှ ဒေါက်တာဇော်ထွန်းတို့က ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံကြီး ခုတင်(၅၀)ဆံ့ တိုးချဲ့ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံကြီး ခုတင်(၅၀)ဆံ့ တိုးချဲ့ဆေးရုံသစ်ရှိ ပြင်ပလူနာခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် မူလဆေးရုံ အဆောက်အအုံတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံကြီးတွင် တိုးချဲ့ဆောင်သစ်၊ ပြင်ပလူနာဆောင်၊ ခွဲစိတ်ဆောင်၊ သားဖွားဆောင်နှင့် ဆေးရုံသုံးပစ္စည်းများကို ဆရာမကြီး ဒေါ်ပိုက်မိ၊ မောင်ဖြစ်သူ ဦးအုံ့ကျော်နှင့် ညီအစ်ကို မောင်နှမ မိသားစုများ၊ ဒေါက်တာဇော်ထွန်းမိသားစုတို့က ငွေကျပ် သိန်း ၁၇၀၀ကျော်ဖြင့် ဆောက်လုပ်လှူဒါန်းကြခြင်းဖြစ်သည်။

လှူဒါန်း

ထို့ပြင် စေတနာရှင်အလှူရှင်များက ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံကြီးအတွက် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၂၃၂ ဒသမ၃၅သိန်းကို စိုက်ထူလှူဒါန်းခဲ့ကြပြီး တန်ဖိုးငွေစုစုပေါင်း ငွေကျပ် ၇၈၈သိန်းဖိုးရှိ ဆေးရုံသုံးပစ္စည်းများ ဖြစ်သော Examination Table နှစ်လုံး၊ Dressing Trolly တစ်ခု၊ Instrument Trolly နှစ်ခု၊ Air-Condition ငါးလုံး၊ Patient Trolly တစ်ခု၊ ICU Bed နှစ်လုံး၊ X-Ray View Box တစ်ခု၊ စားပွဲခြောက်လုံး၊ ကုလားထိုင် အလုံး ၂၀၊ LK-112 Locker တစ်လုံးနှင့် တိုင်ကပ်နာရီငါးလုံး စသည်တို့ကို လှူဒါန်းခဲ့ကြသည်။ (သတင်းစဉ်)

ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံကြီး

ဧရာဝတီတိုင်း ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံကြီး ခုတင်(၅၀)ဆံ့ တိုးချဲ့ဆေးရုံသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ–ဖိလစ်ပိုင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် ပထမအကြိမ်အစည်းအဝေး ပူးတွဲသတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

ရန်ကုန် ဧပြီ ၁၅

မြန်မာ–ဖိလစ်ပိုင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်၏ ပထမအကြိမ်အစည်းအဝေးကို ရန်ကုန်မြို့တွင် ဧပြီ ၁၁ရက်မှ ၁၂ရက်အထိ ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးတွင် ပူးတွဲသတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ကြေညာသည်။ ပူးတွဲသတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ပူးတွဲသတင်းထုတ်ပြန်ချက်

မြန်မာ–ဖိလစ်ပိုင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်
ပထမအကြိမ်အစည်းအဝေး
မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ ၂၀၀၄ခုနှစ်၊ ဧပြီလ ၁၁ရက်နေ့မှ ၁၂ရက်နေ့အထိ

၁။ မြန်မာ–ဖိလစ်ပိုင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်၏ ပထမအကြိမ်အစည်းအဝေးကို ရန်ကုန်မြို့တွင် ၂၀၀၄ခုနှစ်၊ ဧပြီလ ၁၁ရက်နေ့မှ ၁၂ရက်နေ့အထိ ကျင်းပခဲ့ပါသည်။

၂။ အစည်းအဝေးကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဒီလီယာ ဒိုမင်ဂိုအဲလ်ဘတ်တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပါသည်။

၃။ ဝန်ကြီးအဆင့် အစည်းအဝေးမတိုင်မီ နှစ်ဖက်အဆင့်မြင့် အရာရှိကြီးများ၏ အစည်းအဝေးကို ၂၀၀၄ ခုနှစ်၊ ဧပြီလ ၁၁ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ပါသည်။

၄။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်ကို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ခေါင်းဆောင်ကြပါသည်။ မြန်မာ–ဖိလစ်ပိုင် နှစ်နိုင်ငံအကြား နှစ်ဖက်ညှိနှိုင်းဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် အခြေခံလုပ်ငန်းစဉ်များကို ယခုအစည်းအဝေးက ချမှတ်ပေးနိုင်ခဲ့ပါသည်။ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသော သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ အကောင်အထည်ဖော်မှုအခြေအနေများကို သုံးသပ်ကြပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍသစ်များကိုလည်း ရှာဖွေကြပါသည်။

၅။ ယခုအချိန်အထိ နှစ်နိုင်ငံအကြား အောက်ဖော်ပြပါ သဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးထားပြီးဖြစ်ပါသည်။

- လူသားစွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအကူအညီပေးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊
- သစ်တောနှင့် သစ်တောဆိုင်ရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ဖက် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ၊
- မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ခြင်းနှင့် စိတ်ကြွဆေးဝါးများ သုံးစွဲမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာ၊
- မြန်မာ–ဖိလစ်ပိုင် ကုန်သွယ်မှုသဘောတူစာချုပ်၊
- မြန်မာ–ဖိလစ်ပိုင် လေကြောင်းပို့ဆောင်ရေးသဘောတူစာချုပ်၊
- မြန်မာ–ဖိလစ်ပိုင် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်၊
- မြန်မာ–ဖိလစ်ပိုင် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်၊

၆။ ယခုကျင်းပသည့်အစည်းအဝေးက နှစ်နိုင်ငံလက်မှတ်ရေးထိုးထားသည့် အထက်ဖော်ပြပါ သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများကို အကောင်အထည်ဖော်ကြရန် သဘောတူခဲ့ပါသည်။ အထူးသဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို အကောင်အထည်ဖော်ရန်ဖြစ်ပါသည်။ အထက်ဖော်ပြပါကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ကြရန် အခွင့်အလမ်းကောင်းများ ရှိနေသေးသည်ကိုလည်း အသိအမှတ်ပြု မှတ်သားကြပါသည်။ အဆိုပါကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ လွယ်ကူချောမွေ့စေရန်အတွက် ဖိလစ်ပိုင်နိုင်ငံမှ မစ္စတာဟိုဆေးလဲလ်ဗစ်ဂျူနီယာခေါင်းဆောင်သည့် ကုန်သွယ်ရေးကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့သည် ယခုပူးတွဲကော်မရှင်အစည်းအဝေး တက်ရောက်လာသည့် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဒီလီယာဒိုမင်ဂိုအဲလ်ဘတ်နှင့်အတူလိုက်ပါလာကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဦးဆောင်သည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

၇။ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီပေးရေးနားလည်မှုစာချွန်လွှာနှင့် လေကြောင်းပို့ဆောင်ရေးသဘောတူစာချုပ်ပါ အချက်အလက်များအား အသစ်ပြင်ဆင်ရေးဆွဲရေးအတွက် နှစ်ဖက်ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားရန် သဘောတူခဲ့ပါသည်။

၈။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်သစ်များကိုလည်း သတ်မှတ်နိုင်ခဲ့ပါသည်။

၉။ ဖိလစ်ပိုင်ကိုယ်စားလှယ်အဖွဲ့အား ညော်ဝတ်ပျူငှာစွာနှင့် လှိုက်လှဲဖော်ရွေစွာ ဧည့်ခံပြုစုခဲ့သည့်အတွက် မြန်မာအစိုးရအား ကျေးဇူးတင်ရှိပါကြောင်း ဖိလစ်ပိုင်ကိုယ်စားလှယ်အဖွဲ့က ထုတ်ဖော်ပြောကြားခဲ့ပါသည်။ နှစ်ဖက်အဆင်ပြေမည့် အချိန်တွင် ဒုတိယအကြိမ်ပူးတွဲကော်မရှင် အစည်းအဝေးအား ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပါသည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆–၄–၂၀၀၄ (သောကြာနေ့) (သင်္ကြန်အတက်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ ကြည်ညိုဖူးမြော်ဖွယ်ရာ မျက်နှာသစ်တော်မင်္ဂလာ
- ၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၀ ၆။ ခါသင်္ကြန်အဆိုအကများ
- ၈:၁၅ ၇။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၂၅ ၈။ မင်းလှရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ ခါသင်္ကြန်အဆိုအကများ
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၂၅ ၃။ Practice in Reading.
- ၄:၄၅ ၄။ ခါသင်္ကြန်အဆိုအကများ
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၅:၄၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၅:၅၀ ၉။ ရှမ်းပြည်နယ်အရှေ့ပိုင်း နမ့်မွေတံတား
- ၆:၀၀ ၁၀။ ခါသင်္ကြန်အဆိုအကများ
- ၆:၁၅ ၁၁။ Discovery.
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ **ရွှေတိဂုံစေတီတော် ရွှေထီးတော်တင်မင်္ဂလာ အခမ်းအနား (၄–၄–၉၉)**
- ၇:၄၀ ၁၅။ ခါသင်္ကြန်အဆိုအကများ
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **မြန်မာရုပ်ရှင် မမုန်းလေနဲ့ပလီ (အပိုင်း–၂) (ရန်အောင်၊ ဒွေး၊ မေသန်းနု၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ–စင်ရော်မောင်မောင်)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

ပြည်ထဲရေးဝန်ကြီးဌာန ရေသဘင်မဏ္ဍပ် ဖျော်ဖြေရေးအစီအစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် ဧပြီ ၁၅

၁၃၆၅ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု ရေသဘင်ပွဲတော် ပြည်ထဲရေးဝန်ကြီးဌာန ရေသဘင်မဏ္ဍပ်၏ ဖျော်ဖြေရေးအစီအစဉ်များကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် အမှတ်(၁) စက်မှုလမ်းထောင့်ရှိ ပြည်ထဲရေးဝန်ကြီးဌာနရုံးဝင်းရှိ အဆိုပါ ရေသဘင်မဏ္ဍပ်၌ တတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

အဆိုပါ ဧည့်ခံဖျော်ဖြေပွဲသို့ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်နှင့် ဇနီး ဒေါ်ခင်လှလှ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် နိုင်ငံတကာလူမှုရေးနှင့် စီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဝန်ထမ်းမိသားစုများ၊ ယိမ်းအဖွဲ့များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် အပြန်အလှန်ရေများ ပက်ဖျန်းကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး၊ ဇနီး ဒေါ်ခင်လှလှနှင့် အဖွဲ့ဝင်များနှင့်အတူ ဧည့်သည်တော်များအား "နှစ်သစ်ချစ်ဦးသင်္ကြန်" သီချင်းနှင့် " Come and See Myanmar" သီချင်းတို့ဖြင့် သီဆိုကပြဧည့်ခံဖျော်ဖြေကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဇနီးနှင့် ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများနှင့် ဧည့်သည်တော်များသည် မန်းတောင်ရိပ်ခိုသီချင်းကို စုပေါင်းသီဆိုကြပြီး မြန်မာ့ရိုးရာ နှစ်ကူးအတာရေများ အပြန်အလှန်ပက်ဖျန်းကြကာ ပြည်ထဲရေး ဝန်ကြီးဌာန ရေသဘင်မဏ္ဍပ် တတိယနေ့ ဖျော်ဖြေရေးအစီအစဉ်များကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမေရိကန်ဆန့်ကျင်ရေးတိုက်ပွဲဝင်ရင်း အသေခံရန်အသင့်ရှိ အီရတ် ရှီးယိုက်ခေါင်းဆောင် မိုစတာဒါအယ်ဆာဒါး ကြေညာ

ဘေရွတ် ဧပြီ ၁၄

အီရတ်နိုင်ငံ၌ အမေရိကန်နှင့်အပေါင်းပါတပ်များက လိုက်ရှာနေသည့် အီရတ် ရှီးယိုက်ခေါင်းဆောင် မိုစတာဒါအယ်ဆာဒါးက ပြည်ပတပ်များ မိမိနိုင်ငံကိုသိမ်းပိုက်ထားမှု အဆုံးသတ်ရေး တိုက်ပွဲဝင်ရင်း အသေခံရန်အသင့်ရှိကြောင်း အင်္ဂါနေ့က ထုတ်ဖော်ကြေညာသည်။

အီရတ်ရှိ အမေရိကန်ဦးဆောင်သည့် တပ်များအား ဆန့်ကျင်ရန် ရှီးယိုက်တို့အား လှုံ့ဆော်သူ မိုစတာဒါအယ်ဆာဒါးက ဟစ်ဗ်ဘိုလာအုပ်စု၏ အာဘော်ဖြစ်သော လက်ဘနွန်နိုင်ငံ အယ်မာနာ ရုပ်မြင်သံကြားသို့ အထက်ပါအတိုင်း ထုတ်ဖော်ကြေညာလိုက်ခြင်းဖြစ်သည်။

မိမိသည် လွတ်လပ်ရေးနှင့် တိုင်းတစ်ပါးသားများ သိမ်းပိုက်ထားမှု အဆုံးသတ်ရေး တိုက်ပွဲအတွက် အသက်ကို စွန့်လွှတ်ရန် အသင့်ပြင်ဆင်ထားကြောင်း၊ မိမိအသက်ဆုံးရှုံးသဖြင့် ဤအရေးတော်ပုံ ပျက်ပြားမသွားစေရန်လည်း အီရတ် ပြည်သူများအား မိမိတိုက်တွန်း ပန်ကြားပါကြောင်းဖြင့် ၎င်းက ပြောကြားသည်။

အီရတ်နိုင်ငံရောက် အမေရိကန်မဟုတ်သည့် တပ်ဖွဲ့ဝင်များအနေဖြင့် အမေရိကန် တပ်ဖွဲ့ဝင်များနှင့် ကင်းကင်းရှင်းရှင်းနေကြရန်နှင့် အီရတ်ပြည်သူများနှင့်အတူ ရပ်တည်ကြပါရန် ၎င်းက သတိပေးနှိုးဆော်လိုက်သည်။

အီရတ် မြို့ကြီး၊ မြို့ငယ်များနှင့် အယ်ဆာဒါး၏ နောက်လိုက်များက ခုခံတွန်းလှန် တိုက်ခိုက်နေမှုကို အမေရိကန်တပ်ဖွဲ့ဝင်များက နှိမ်နင်းရန် ကြိုးပမ်းနေစဉ် အယ်ဆာဒါးအား အသေရရ၊ အရှင်ရရ အလိုရှိကြောင်း အမေရိကန်တပ်မှူးများက ပြောဆိုနေကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မီးရှို့ဆန္ဒပြ

ဧပြီ ၅ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြပွဲ၌ အီရတ်များက ကားများကို မီးရှို့၍ ဆန္ဒပြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဧပြီလ ယခုရက်အထိ ကန်တပ်ဖွဲ့ဝင် ၈၇ ဦး အသေဆုံးခဲ့ပြီ

ဝါရှင်တန် ဧပြီ ၁၅

အီရတ်ရောက် အမေရိကန် တပ်ဖွဲ့ဝင်များအဖို့ ယခုရက်များ အတွင်း စစ်ပွဲကာလ တစ်လျှောက်လုံးတွင် အသေအပျောက် အများဆုံး ကာလဖြစ်သည်။

ပျောက်ဆုံးနေ

အင်္ဂါနေ့က ကြေညာသည့် အမေရိကန်တပ်ဖွဲ့ဝင် အသေအပျောက်နှင့်ပါဆိုလျှင် ယနေ့အထိ ဤလအတွင်း သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ အနည်းဆုံး ၈၇ ဦး ရှိသွားပြီဖြစ်သည်။ ထို့ပြင် ဤလအတွင်း ဒဏ်ရာရရှိသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၆၀ ကျော်ရှိပြီး၊ တပ်ဖွဲ့ဝင်နှစ်ဦး ပျောက်ဆုံးနေသည်ဟု သိရသည်။

အနည်းဆုံး အမေရိကန် အရပ်သားလေးဦး သေဆုံးပြီး ကန်ထရိုက်တာတစ်ဦး သေနတ်သမားတို့၏ ဖမ်းဆီးမှုခံရကာ ခြောက်ဦးပျောက်ဆုံးနေသည်။ ၎င်းတို့ကို ပြန်ပေးဆွဲ သွားမည်ကို စိုးရိမ်နေကြရသည် ဆို၏။

ပိုများ

ဧပြီလအတွင်း ဤရက်ပိုင်းအထိ ဒဏ်ရာရရှိသော အမေရိကန် တပ်ဖွဲ့ဝင် ဦးရေမှာ အခြားမည်သည့် တစ်လလုံး ကာလထက်မဆို ၂၀၀ကျော် ပိုများနေသည်။ ***အင်တာနက်။***

အီရတ်ပြဿနာသည် စက်တင်ဘာ ၁၁ ရက် ဖြစ်ရပ်ထက် ဘုရှ်ရွေးကောက်ပွဲယှဉ်ပြိုင်မှုတွင် ပိုမိုထိခိုက်စေနိုင်ဟု သုံးသပ်

ဝါရှင်တန် ဧပြီ ၁၄

အမေရိကန်တွင် ၂၀၀၁ ခုနှစ် ဩဂုတ်လအတွင်းက အယ်ခိုင်ဒါအဖွဲ့၏ ခြိမ်းခြောက်မှုနှင့် သက်ဆိုင်သည့် ထုတ်ပြန်ချက်တစ်ခုကို ပြုလုပ်ခဲ့ရသည်။ လက်ရှိအခြေအနေတွင် ကြုံတွေ့နေရသော အီရတ်ပြဿနာ အခက်အခဲသည် ယခင်အယ်ခိုင်ဒါ ခြိမ်းခြောက်မှု အခြေအနေထက်ပင် လာမည့်ရွေးကောက်ပွဲတွင် ထပ်မံယှဉ်ပြိုင်ရန် ပြင်ဆင်နေသော သမ္မတဘုရှ်အတွက် ပိုမိုထိခိုက်စေနိုင်သော အကျပ်အတည်းတစ်ရပ်ပင်ဖြစ်ကြောင်း လေ့လာဆန်းစစ်သူများက သုံးသပ်ကြသည်။

အမေရိကန်အစိုးရသည် လျှို့ဝှက်အဆင့်သတ်မှတ်ထားသော စာရွက်စာတမ်း အထောက်အထားများကို ထုတ်ဖော်ပေးခဲ့ရသည်။ ယင်းသို့ ပြုလုပ်ရခြင်းမှာ စက်တင်ဘာ ၁၁ ရက် ကိစ္စ စုံစမ်းရေးကော်မရှင်၏ တောင်းဆိုချက်အရ ပြုလုပ်ခဲ့ရခြင်းဖြစ်၏။ ထိုအချက်အလက်များ ထုတ်ပေးလိုက်ရပြီးနောက်ပိုင်းတွင် ဘုရှ်၏ အိမ်ဖြူတော်သည် ပြဿနာများကို ခံစစ်အနေအထားဖြင့်သာ ရင်ဆိုင်နေရသော အနေအထားသို့ရောက်သွားသည်ဟု ဆိုသည်။

ထုတ်ပြန်လိုက်ရသော အထောက်အထားများကို အချို့သော ဒီမိုကရက်ပါတီဝင်များက အထောက်အထားအဖြစ် အသုံးပြုပြီး အမေရိကန်သမ္မတအနေဖြင့် အယ်ခိုင်ဒါ၏ အန္တရာယ်ကို လုံလောက်စွာ တုံ့ပြန်ရန် ပျက်ကွက်ခဲ့သည်ဟု စွပ်စွဲခဲ့ကြသည်။

ယခုအခါ ဘုရှ်အစိုးရသည် အီရတ်နိုင်ငံရှိ မြို့အတော်များများတွင် သိမ်းပိုက်မှု ဆန့်ကျင်ရေးသမားများ၏ ခုခံတိုက်ခိုက်မှုများနှင့် ကြုံတွေ့နေရသည်။ ပို၍ဆိုးရွားသည်မှာ မကြာသေးမီက ဖြစ်ပွားသောတိုက်ပွဲများသည် အီရတ် ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဖယ်ရှား ခံရပြီးနောက်ပိုင်း သွေးထွက်သံယိုမှု အများဆုံးဖြစ်နေသော အခြေအနေပင်ဖြစ်သည်။ ထိုအချက်က သမ္မတဘုရှ်အတွက် အခွင့်မသာသော အန္တရာယ်များလှသည့် အနေအထားပင်ဖြစ်သည်ဟု ဆိုသည်။

အီရတ်တွင် ကြုံတွေ့နေရသော တိုက်ခိုက်မှု ညွှန်အတွင်းတွင် သမ္မတဘုရှ် နစ်သည်ထက် နစ်လျက်ရှိပြီး မည်သို့ ရုန်းထွက်ရမည်ကို နည်းလမ်းရှာမရသော အခြေအနေတွင် ရောက်နေသည်ဟု ရှုမြင်ကြသည်။ ထိုအခြေအနေကြောင့် သမ္မတဘုရှ်အတွက် အကျိုးယုတ်စေနိုင်သည်ဟု ဂါရီဘိုရာက ပြောကြားသည်။ ၎င်းသည် သမ္မတဘုရှ်ကို လိုလိုလားလားထောက်ခံသူ ရီပက်ဘလီကန်တစ်ဦးဖြစ်သည်။

ဩဂုတ် ၆ ရက် ၂၀၀၁ ခုနှစ်တွင် အမေရိကန်ထောက်လှမ်းရေး ဗျူရို (အက်ဖ်ဘီအိုင်)က တင်ပြသော အစီရင်ခံစာတွင် အယ်ခိုင်ဒါအဖွဲ့ဝင်များ အမေရိကန်မြေပေါ်သို့ ရောက်နေကြောင်း၊ ယာဉ်အပိုင်စီးမှုများနှင့် အခြားတိုက်ခိုက်မှု တစ်စုံတစ်ရာပြုလုပ်နိုင်သော သင်္ကာမကင်းဖွယ်ရာ လှုပ်ရှားမှုများ တွေ့မြင်နေရကြောင်း ဖော်ပြထားသည်။

ထိုအချက်များမှာ စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုမျိုးဆီသို့ ဦးတည်သည်ဟူသော အခြေအနေကိုပေါ်လွင်အောင် ဖော်ပြထားပါရှိခြင်းမရှိကြောင်း၊ အလွန်အကြမ်းဖျင်းဆန်ကြောင်း သမ္မတဘုရှ်က သတင်းထောက်များကို ပြောကြားခဲ့သည်။

အထက်ဖော်ပြပါ ထုတ်ဖော်ပြောကြားချက်များသည် သမ္မတဘုရှ်အတွက် ထိခိုက်မှုရှိသည်မှန်သော်လည်း ထိုအချက်များသည် အီရတ်တွင် ယခုကြုံတွေ့နေရသော ရုန်းမထွက်နိုင်သော အခြေအနေလောက် သမ္မတဘုရှ်၏ အနေအထားကို ထိခိုက်စေနိုင်မည်မဟုတ်ကြောင်း မိမိယူဆပါသည်ဟု ကေဘီဖိုဘီးစ်က ပြောကြားသည်။ ၎င်းသည် သမ္မတ၏ မဲဆွယ်ပွဲများတွင် ပါဝင်ဆောင်ရွက်နေသူ ရီပတ်ဘလီကန်တစ်ဦးဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်၌ အလောင်းလေးလောင်း တွေ့ရှိ ပျောက်ဆုံးသူများ၏မိသားစုနှင့် ဆက်သွယ်စုံစမ်းနေရ

ဝါရှင်တန် ဧပြီ ၁၄

အမည်ဖော်၍မရသူလေးဦး၏ ရုပ်အလောင်းများကို အီရတ်၌ ယနေ့ တွေ့ရှိကြောင်း၊ ၎င်းတို့မှာ မည်သူမည်ဝါများဖြစ်သည်ဟု မိမိတို့ အတည်ပြုနိုင်ခြင်း မရှိသေးကြောင်းဖြင့် အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဘရင်ဒါဂရင်းဘတ်က ပြောကြားလိုက်သည်။

သို့သော် သောကြာနေ့ကတည်းက အီရတ်၌ ပျောက်ဆုံးနေသော အမေရိကန် အရပ်သားခုနစ်ဦးတို့၏ မိသားစုများကို နိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိများက ဆက်သွယ်စုံစမ်းနေသည်ဟုလည်း ဘရင်ဒါဂရင်းဘတ်က ထုတ်ဖော်ပြောဆိုသည်။ ရုပ်အလောင်းများ၏ အခြေအနေမှာ များစွာပျက်ယွင်းနေသည့်အတွက်ကြောင့် မည်သူမည်ဝါဟု ခန့်မှန်းရန် လွန်စွာခက်ခဲနေသည်ဟုလည်း ဘရင်ဒါဂရင်းဘတ်က ဝန်ခံသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

နိုင်ငံတကာသတင်းများ

မကြာသေးမီက အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြနေသည့် အီရတ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



အသက်ဘေးမှလွတ်ခဲ့သူယာဉ်မောင်းနှစ်ဦး စာချုပ်မပြည့်မီ နေရပ်သို့ပြန်

ဟူစတန် ဧပြီ ၁၃

အီရတ်၌ ကြောက်မက်ဖွယ် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်မှုများနှင့် ကိုယ်တွေ့ကြုံခဲ့ရပြီး အသက်ဘေးမှ သီသီလေးလွတ်ခဲ့သူ စတက်ဖင်ဟာရင်းနှင့် စထာစီကလပ်တို့နှစ်ဦးသည် ဟာလီဘာတန်အင်ဂျင်နီယာလုပ်ငန်း အတွက် တစ်နှစ် အလုပ်လုပ်ပေးရန်ရှိသော်လည်း စာချုပ်သက်တမ်းမပြည့်မီ ယခုအခါ အမေရိကန်နိုင်ငံသို့ ပြန်ရောက်သွားကြပြီဖြစ်သည်။

စတက်ဖင်ဟာရင်းသည် အမေရိကန်တပ်ဖွဲ့အတွက် ထောက်ပံ့ရန် ဂျက်လေယာဉ်ဆီများ သယ်ဆောင်သည့် ထရပ်ကားများကို မောင်းနှင်ရသူဖြစ်သည်။ လွန်ခဲ့သော သီတင်းပတ် ကြာသပတေးနေ့တွင် ထရပ်ကား ၂၃ စီးနှင့် အမေရိကန်တပ်ဖွဲ့မှ မော်တော်ယာဉ် သုံးစီးပါသော ယာဉ်တန်းတစ်ခုကို ခုခံရေးအုပ်စုဝင်များက တိုက်ခိုက်ခဲ့ရာ နေရာမှာ ဘဂ္ဂဒက်မြို့နှင့် အီရတ်မြောက်ပိုင်းဒေသကို ဆက်သွယ်ဖောက်လုပ်ထားသည့် အဝေးပြေးလမ်းမကြီးပေါ်တွင်ဖြစ်သည်။ အဆိုပါ လမ်းတစ်လျှောက်တွင် ဆက်ဒမ်ဟူစိန်အား ထောက်ခံသူများ အင်အားအများအပြားရှိနေကြသည်။

စတက်ဖင်ဟာရင်း(၃၃နှစ်)က မိမိမောင်းနှင်လာသော ထရပ်ကား၏ နောက်တွဲယာဉ် ပေါက်ကွဲပြီးနောက် ကားတွင်းမှ ခုန်ထွက်ခဲ့ရကြောင်း သတင်းထောက်များအား ပြန်လည်ပြောပြသည်။ ကလပ်(၃၅နှစ်) မှာ စတက်ဖင်ဟာရင်း မောင်းနှင်သောကားနောက်မှ ကပ်လျက်မောင်းနှင်ခဲ့သည်။ စတက်ဖင်၏ ကားနောက်တွဲယာဉ်ကို သစ်တောအတွင်းမှ ထွက်လာသူတစ်ဦးက လက်ပစ်ဗုံးဖြင့်ပစ်သည်ကို မိမိမြင်ရကြောင်း၊ မိမိမှာ နောက်မှကပ်လျက်လိုက်ပါရသဖြင့် သေရတော့မည်ဟု ထင်ကြောင်း သတင်းထောက်များအား ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်မှမိမိတို့နိုင်ငံသားများ အမြန်ထွက်ခွာရန် ပြင်သစ်နိုင်ငံခြားရေးဌာနက သတိပေးနှိုးဆော်

ပါရီ ဧပြီ ၁၄

အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲမှုများ ဆက်တိုက်ဖြစ်ပွားပြီးနောက် အီရတ်ရှိ ပြင်သစ်နိုင်ငံသားများအနေဖြင့် ချက်ချင်းထွက်ခွာကြရန်နှင့် အီရတ်သွားမည့် နိုင်ငံသားများ လောလောဆယ်မသွားကြရန် ပြင်သစ်နိုင်ငံက အင်္ဂါနေ့တွင် သတိပေးနှိုးဆော်ထားသည်။

အီရတ်အခြေအနေကို လွန်ခဲ့သည့် ရက်သတ္တပတ်ကုန်ပိုင်းမှစ၍ သိရှိနေသည့်အတွက် နိုင်ငံသားများ အီရတ်မှ ထွက်ခွာကြရန် အကြံပြုပြီး အီရတ်သွားမည့် နိုင်ငံသားများအား ခရီးစဉ်ရွှေ့ဆိုင်းထားကြရန် မိမိတို့ တိုက်တွန်းနေရခြင်း ဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဌာန ပြောရေးဆိုခွင့်ရှိသူ ဟတ်ဗ်လက်ဆုက သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသည်။

အီရတ်အခြေအနေမှာ စိုးရိမ်ဖွယ်ရာကောင်းသည်မှာ ထင်ရှားကြောင်း ၎င်းကပြောကြား လိုက်ပြီး လောလောဆယ်တွင် အီရတ်၌ ပြင်သစ်လူမျိုး ၁၀၀ အောက်တွင်ရှိကြောင်း ထည့်သွင်းပြောဆိုသည်။

မကြာမီရက်များအတွင်းက အီရတ်နိုင်ငံ၌ နိုင်ငံခြားသားများ ဒါဇင်များနှင့်ချီ၍ ပြန်ပေးဆွဲခံကြရသည်။ ယူကရိန်း နိုင်ငံသားငါးဦးနှင့် ရုရှားသုံးဦးတို့မှာ ပြန်ပေးဆွဲခံရပြီး နောက်တစ်ရက် အင်္ဂါနေ့က ပြန်လွတ်လာကြသည်။

ပြင်သစ်နိုင်ငံသည် အီရတ်စစ်ပွဲကို ဆန့်ကျင်သည်။ အီရတ်ရှိ အမေရိကန် ဦးဆောင်သည့် တပ်များတွင်လည်း ပြင်သစ်တပ်ဖွဲ့ဝင်များစေလွှတ်ခြင်းမပြုခဲ့ပေ။

အမ်အင်အေ၊ရိုက်တာ။

လုံခြုံရေးစောင့်ကြပ်

မကြာသေးမီက ဆွန်နီခုခံရေးသမားများ ဖော်လူဂျာမြို့၏ လုံခြုံရေးကို စောင့်ကြပ်နေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယူကရိန်းနိုင်ငံသားများ အီရတ်မှထွက်ခွာရန် ယူကရိန်း နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း

ကီးယက် ဧပြီ ၁၄

အီရတ်နိုင်ငံတွင် အခြေအနေတင်းမာနေသည့်အတွက် အီရတ်ရှိ ယူကရိန်း နိုင်ငံသားများအနေဖြင့် အမြန်ဆုံး ထွက်ခွာကြရန် ယူကရိန်းနိုင်ငံခြား ရေးဝန်ကြီး ဂရစ်ရှင်ကိုက အင်္ဂါနေ့တွင် တိုက်တွန်းလိုက်သည်။

ဘဂ္ဂဒက်၌ ပြန်ပေးဆွဲခံရသော ယူကရိန်း နိုင်ငံသားငါးဦးနှင့် ရုရှား သုံးဦးတို့ ပြန်လွတ်လာအပြီးတွင် ယူကရိန်း နိုင်ငံခြားရေးဝန်ကြီး ဂရစ်ရှင်ကိုက ယင်းသို့ တိုက်တွန်းခြင်းဖြစ်သည်။

ညှို့သည်တော် ရုရှားနိုင်ငံခြားရေး ဝန်ကြီး ဆာဂျီလက်ရော့ဗ်နှင့် တွေ့ဆုံ အပြီးသတင်းစာရှင်းလင်းပွဲတွင်ဂရစ်ရှင် ကိုက အထက်ပါအတိုင်း ပြောကြား လိုက်ခြင်း ဖြစ်သည်။

ရုရှားကုမ္ပဏီများတွင် အလုပ်လုပ် ကိုင်နေသည့် ယူကရိန်းနှင့်အခြား နိုင်ငံများမှ ကျွမ်းကျင်သူများကို ရုရှား နိုင်ငံက အကူအညီ ပေးမည်ဖြစ် ကြောင်း၊ ၎င်းတို့နေရပ်ပြန်ရေးမှာ ကုမ္ပဏီများက အဆုံးအဖြတ်ပေးရ မည်ဖြစ်ကြောင်း ဂရစ်ရှင်ကိုက ရှင်းလင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကန်တပ်ဖွဲ့ဝင်တစ်ဦး ဗုံးထောင်တိုက်ခိုက်မှုကြောင့် သေဆုံးဟု ကြေညာ

ဘဂ္ဂဒက် ဧပြီ ၁၄

အမေရိကန် စစ်ကားတန်းတစ်ခုကို အင်္ဂါနေ့စောစောပိုင်းက ဗုံးထောင် တိုက်ခိုက်သည့်အတွက် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြား တပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သား ကန်ထရိုက်တာတစ်ဦးဒဏ်ရာရရှိသွား ကြောင်း အမေရိကန်ကြည်းတပ်က ကြေညာသည်။

ဘာကူဘာမှနာရက်ဖ်သို့ ထွက်ခွာ သည့်ကားတန်းကို ဘဂ္ဂဒက်မြို့တော် တောင်ဘက် လမ်းဘေး၌ထောင်ထား သော ဗုံးတစ်လုံးဖြင့် သန်းခေါင်ကျော် အချိန်တွင် ဖောက်ခွဲတိုက်ခိုက်ခြင်း ဖြစ်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့် ရှိသူက ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဘူဂေးရီးယားတပ်များ ကာဘာလာမှထွက်ခွာခွင့်ပေးရန် မိဘဆွေမျိုးများတောင်းဆို

ဆိုဖီယာ ဧပြီ ၁၃

အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ရှိနေသော ဘူဂေးရီးယားတပ်ဖွဲ့များကို ရှီးယိုက်တပ်ဖွဲ့များကတိုက်ခိုက်လာမည် ကိုပူပင်ကြသည့်အတွက် ဘူဂေးရီးယား ရှိ မိဘဆွေမျိုးများက ၎င်းတပ်ဖွဲ့များကို ထိုမြို့မှနေရာ ရွှေ့ပြောင်းထွက်ခွာခွင့် ပြုရန် သမ္မတထံ တောင်းဆိုခဲ့ကြသည် ဟုဆိုသည်။ ဒါဇင်ပေါင်းများစွာသော ဘူဂေးရီးယားလူမျိုးများသည် မြို့တော် ဆိုဖီယာသို့ ရောက်ရှိလာကြပြီး သမ္မတ ဂျော်ဂျီ ပါဗာနော့ဗ်ထံ မေတ္တာရပ်ခံ စာတစ်စောင် ပေးပို့ခဲ့ကြသည်။ ထိုစာ တွင် လူ ၅၀၀တို့က ပါဝင်လက်မှတ် ရေးထိုးထားကြပြီး ကာဘာလာရှိ ဘူဂေးရီးယား တပ်ဖွဲ့ဝင် ၄၅၀ တို့ကို ပြန်လည် ရုပ်သိမ်းရန် တောင်းဆိုထား ကြသည်။

ဘူဂေးရီးယားအစိုးရသည် အီရတ် စစ်ပွဲနှင့် ပတ်သက်၍ အမေရိကန်ကို ထောက်ခံခဲ့ပြီး အီရတ်သို့ ယမန်နှစ်က ယင်း၏တပ်ဖွဲ့များကို စေလွှတ်ခဲ့သည်။ ထိုတပ်ဖွဲ့များသည် အီရတ်တွင် ပိုလန် တို့ဦးဆောင်သော တပ်များနှင့် ပူးတွဲပြီး ငြိမ်းချမ်းမှုထိန်းသိမ်းရေး တာဝန် ထမ်းဆောင်လျက်ရှိသည်။

ရပ်နားသွား

ပြီးခဲ့သော သီတင်းပတ်အတွင်းက ကာဘာလာမြို့အတွင်းရှိဘူဂေးရီးယား တပ်ဖွဲ့များ အကြိမ်ကြိမ် တိုက် ခိုက်ခံခဲ့ရသည်မှာ အပစ်အခတ်ရပ်စဲ လိုက်သည့် အချိန်ရောက်မှ အတိုက် အခိုက် ရပ်နားသွားကြောင်း သိရ သည်။

စစ်တိုက်ထွက်ခြင်းမဟုတ်

အီရတ်ရောက် ဘူဂေးရီးယားတပ်ဖွဲ့ ဝင်တစ်ဦး၏ မိခင်က မိမိတို့၏ သားများသည် အီရတ်သို့ သွားခြင်း မှာ ငြိမ်းချမ်းရေးထိန်းသိမ်းရန် သွားရောက် ကြခြင်းသာဖြစ်သည်။ စစ်တိုက် ထွက်ခဲ့ ကြခြင်းမဟုတ်ပါ။ အစိုးရအနေဖြင့် မိမိ၏သားကို အသက်မသေမပျောက် ဘဲ အီရတ်မှ ပြန်လည်ခေါ်ယူပေး နိုင်လိမ့်မည်ဟုမျှော်လင့်ကြောင်းသတင်း ထောက်များသို့ ပြောကြားခဲ့သည်။

လုံခြုံရေးအတွက်

ဘူဂေးရီးယား တပ်ဖွဲ့ဝင်များ၏ လုံခြုံရေးအတွက် အရာရာစီစဉ် ထားရှိ ပြီးဖြစ်ကြောင်းသာ သမ္မတ ပါဗာနော့ဗ် က ပြောကြားသွားသော်လည်း တပ်ရွှေ့ပြောင်းရေးကိစ္စကိုမူ ထည့်သွင်း ပြောကြားခြင်းမရှိဟု ဆိုသည်။ အမေရိ ကန် လေတပ်က ကာဘာလာမြို့ပေါ်သို့ လေကြောင်းမှ သတိပေးစာများကြဲချခဲ့ သည်။ထိုစာတွင်လူထုအနေဖြင့်စစ်စခန်း များမှ ရှောင်နေကြရန်၊ ထိုစခန်းများ ကို တိုက်ခိုက်လာပါက လက်တုံ့ပြန် မည်ဖြစ်ကြောင်းများ ဖော်ပြပါရှိ ကြောင်း သိရသည်။

ငြိမ်သက်

ယခုအခါကာဘာလာမြို့တွင်ဘာသာ ရေးပွဲကျင်းပလျက်ရှိပြီး အခြေအနေမှာ ငြိမ်သက်လျက်ရှိသည်ဟု သတင်းများ က ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မကြာသေးမီက ဘဂ္ဂဒက်မြို့မြောက်ဘက် ဆာဒါးအရပ် တွင် ဒုံးကျည်ပါက်ကွဲပြီး ဒဏ်ရာရရှိသွားသူ ဖခင်ကို သားငယ်နှင့် အတူ တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်၌ ပျောက်နေသည့် ချက်သတင်းစာဆရာသုံးဦး တာဝန်ရှိသူများက ခုံခမ်းနေဆဲ

ပရာဟာ ဧပြီ ၁၄

အီရတ်၌ ယခုရက်သတ္တပတ်ကုန်ပိုင်းက ပြန်ပေးဆွဲခံရသည်ဟု ယူဆရသည့် ချက်သတင်းစာဆရာသုံးဦး၏ သတင်းများရရှိရေး ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ချက်သမ္မတနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များက အင်္ဂါနေ့တွင် ပြောဆိုသည်။

ဘဂ္ဂဒက်မြို့တော်မှ အိမ်နီးချင်းဂျော်ဒန်နိုင်ငံ အမ္မန်မြို့သို့ အငှားကားဖြင့် သွားစဉ် ချက်အစိုးရ ရုပ်မြင်သံကြားဌာနမှ သတင်းစာဆရာနှစ်ဦးနှင့် ချက်အစိုးရ အသံလွှင့်ဌာနမှ သတင်းထောက်တစ်ဦးတို့မှာ တနင်္ဂနွေနေ့က ပျောက်ဆုံးနေကြ သည်။

ချက်အစိုးရရုပ်မြင်သံကြားအစီအစဉ်မှ အီတလီရုပ်မြင်သံကြားနှင့် အဆိုပါ အငှားကားယာဉ်မောင်း သူတို့၏ တွေ့ဆုံမေးမြန်းခန်းကို ထုတ်လွှင့်ပြသသည်။ ဘဂ္ဂဒက်မှ အမ္မန်သို့အသွားလမ်းတွင် လက်နက်ကိုင်များက ကားရပ်ခိုင်းပြီး သတင်းစာဆရာသုံးဦးကို ခေါ်ထားကာ ပြန်လွှတ်လိုက်ကြောင်း အငှားကား ယာဉ်မောင်းက ပြောပြသည်။ ချက်သတင်းစာဆရာသုံးဦးကို ပြန်ပေးဆွဲသွား ကြောင်းတရားဝင်အတည်ပြုချက်မရရှိသေးကြောင်း၊ သို့သော်ပြန်ပေးဆွဲသွားခြင်း ဖြစ်နိုင်ကြောင်းဖြင့် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ပီတာကိုလာက ချက်ရုပ်မြင် သံကြား၌ ပြောကြားလိုက်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အချက်အလက်မှားယွင်းမှုများ သမ္မတဘုရှ် ကျူးလွန်ခဲ့

ဝါရှင်တန် ဧပြီ ၁၅

သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်သည် ၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ရက် နောက်ပိုင်းကာလတွင် လစ်ဗျားနိုင်ငံနှင့် ပတ်သက်သော အစုအပြုံလိုက်ဖျက်ဆီး နိုင်သည့် လက်နက်များ စုံစမ်းဖော် ထုတ်ချက်နှင့်ပတ်သက်၍ အချက် အလက် မှားယွင်းမှုများ ကျူးလွန်ခဲ့ ကြောင်း အမေရိကန် သမ္မတ ရုံးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

မစ္စတာ ဘုရှ်သည် အင်္ဂါနေ့က ရုပ်မြင်သံကြား အစီအစဉ်တစ်ခု အတွက် အမေးအဖြေခန်း ပြုလုပ်စဉ် အတွင်း လစ်ဗျားနိုင်ငံအတွင်း ကုမ္ပဏီ တစ်ခုတွင် အရေပြားကို လောင်စေ တတ်သော အဆိပ်ဓာတ်ငွေ့တန် ၅၀ တွေ့ရှိခဲ့ကြောင်း သတင်းထောက်များ အား နှစ်ကြိမ်တိုင်တိုင် ပြောကြား ခဲ့သည်။

လစ်ဗျား၌ တွေ့ရှိခဲ့သော အဆိပ် ဓာတ်ငွေ့ ပမာဏအတိအကျမှာ ဘုရှ် ပြောသလို တန် ၅၀ မဟုတ်ဘဲ ၂၃ ဒသမ ၆ မက်ထရစ်တန်ဖြစ်ကြောင်း ၂၆ တန်ကွာခြားမှုရှိကြောင်း အဆိုပါ အမေးအဖြေခန်း ပြုလုပ်ပြီး နောက်တစ် နေ့တွင် သမ္မတရုံးက ကြေညာခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်လူစည်ကားရာလမ်းပေါ် စိန်ပြောင်းဖြင့်ပစ် အီရတ်ယာဉ်မောင်းတစ်ဦးထိမှန်သေဆုံး

ဘဂ္ဂဒက် ဧပြီ ၁၄

ဘဂ္ဂဒက်မြို့ လူစည်ကားသည့် လမ်းပေါ်သို့ စိန်ပြောင်းဖြင့် အင်္ဂါနေ့က ပစ်သဖြင့် အီရတ်ယာဉ်မောင်းတစ်ဦးသေဆုံးသွားပြီး လမ်းပေါ်တွင် ချိုင့်ကြီး တစ်ခုဖြစ်ပေါ်လာကြောင်းဖြင့် မျက်မြင်တွေ့ရှိသူများက ပြောဆိုသည်။

မိမိသည် ဘဂ္ဂဒက်မြို့လယ် လမ်းတစ်လျှောက် မော်တော်ကားမောင်းလာ ကြောင်း၊ရုတ်တရက်နောက်ဘက်မှ ပေါက်ကွဲသံကြားလိုက်ပြီးနောက် ဗုံးဆန်တစ်ခု သည် မိမိကားပေါ်သို့ကျလာကြောင်းဖြင့် မိုဟာမက်က ရိုက်တာသို့ပြောကြား သည်။

မိမိကားနောက်မှ မောင်းနှင်လာသော ကားမှ ယာဉ်မောင်းသူကိုလည်း ဗုံးဆန်တစ်ခု ထိမှန်သဖြင့် မော်တော်ကားကို မထိန်းနိုင်တော့ဘဲလမ်းဘေး ဓာတ်တိုင်ကို ဝင် တိုက်မိကြောင်း မိုဟာမက်က ရှင်းပြသည်။ အဆိုပါယာဉ်မောင်း မှာ သေဆုံးသွားသည်ဟု ရဲတပ်ဖွဲ့က ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

တိုင်းတစ်ပါးကျူးကျော်မှုအောက်မှ အချုပ်အခြာအာဏာကင်းမဲ့နေသော အီရတ်နိုင်ငံ

မျက်မြင်ကြည့်ရှု သတိပြုဖွယ်ရာများ

ဧပြီ ၁၂ ရက်က အီရတ်နိုင်ငံ အဘူဂါရိုက်မြို့တွင် အမေရိကန်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသော ဆွေမျိုးသားချင်းများအတွက် ကြေကွဲဝမ်းနည်းနေသော အီရတ်တို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၁၁ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့ရှိ နေအိမ်တစ်လုံးတွင် သွေးစွန်းနေသော နံရံကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၁၂ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော အီရတ်မိန်းကလေးငယ်တစ်ဦးကို ဖခင်ဖြစ်သူက ချီပိုးထားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၁၂ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ပျက်စီးနေသော နေအိမ်တစ်လုံးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၄ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ ဘဂ္ဂဒက်ဟိုတယ်အနီးတွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြရာ အမေရိကန်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသော အီရတ်တစ်ဦးကို တွဲခေါ်လာစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၁၄ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အီရတ်တစ်ဦးကို အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ဖမ်းဆီးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အေးချမ်းသာယာ ပြည်မြန်မာ

ပြည်သူများ ပါဝင်ဆင်နွှဲ ရိုးရာမဟာသင်္ကြန်ပွဲ

ဧပြီ ၁၅ ရက် မဟာသင်္ကြန် (ဒုတိယ) အကြတ်နေ့က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းတစ်လျှောက်တွင် ရေပက်ကစားကြသူများ၊ ရေပက်ခံကားများ၊ ဖျော်ဖြေရေးမဏ္ဍပ်များဖြင့် ကြက်ပျံမကျ စည်ကားလှသည်ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ–သိန်းဝင်းကြီး၊ ကြေးမုံ)

စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ ရေကစားမဏ္ဍပ်တစ်ခု၌ ပျော်ရွှင်စွာ ရေပက်ကစားနေကြသူများကို ဧပြီ ၁၅ ရက် မဟာသင်္ကြန် (ဒုတိယ) အကြတ်နေ့က ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ–သန့်ဇင်ထွန်း၊ ကြေးမုံ)

ဧပြီ ၁၄ ရက်က ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာရှိ တိုင်းရင်းသားရိုးရာကပွဲ ခန်းမဆောင်တွင် ရိုးရာယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေနေကြစဉ်။ (ဓာတ်ပုံ–ခင်မောင်ဝင်း၊ ကြေးမုံ)

ဧပြီ ၁၅ ရက် မဟာသင်္ကြန် (ဒုတိယ)အကြတ်နေ့က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အနော်ရထာလမ်းပေါ်ရှိ ရေကစားမဏ္ဍပ် တစ်ခုတွင် ရေပက်ကစားနေကြသူများကို တွေ့ရစဉ်။ (ဓာတ်ပုံ–သန့်ဇင်ထွန်း၊ ကြေးမုံ)

ဧပြီ ၁၄ရက် မဟာသင်္ကြန်(ပထမ) အကြတ်နေ့က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာရှိတိုင်းရင်းသား ရိုးရာ ကပွဲခန်းမဆောင်၌ ဧည့်သည်တော် စစ်ဆောင်ပနား တရုတ်ယဉ်ကျေးမှုအကအဖွဲ့က ဖျော်ဖြေတင်ဆက်စဉ်။ (နယ်စပ်/စည်ပင်)

ဧပြီ ၁၅ ရက်က ရန်ကုန်မြို့ ပြည်လမ်း ဟံသာဝတီအဝိုင်းအနီးရှိ ပြည်ဥယျာဉ် ရေကစားမဏ္ဍပ်တွင် ရေကစားသူများ ပျော်ရွှင်စွာဖြင့် ရေပက်ကစားနေကြသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–သန့်ဇင်ထွန်း၊ ကြေးမုံ)

☆ နိုင်ငံတော်မှ

စည်ပင်သာယာရေးဝန်ကြီးဌာန မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့နှင့်အတူ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ နှင့်ဧည့်သည်တော်များအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနမှ သမီးပျိုများက "ရာသက်ပန်ပြည်ထောင်စု အေးချမ်းပါစေ"ယိမ်းအကဖြင့်လည်းကောင်း၊ လှိုင်းဘွဲ့ဒေသမှ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများက "စုပေါင်းနွဲပျော် သင်္ကြန်ပွဲတော်" ယိမ်းအကဖြင့်လည်းကောင်း၊ နောင်မွန်းဒေသမှ ရဝမ်တိုင်းရင်းသား တိုင်းရင်းသူများက "ပြည်ထောင်စု ရဝမ်" ယိမ်းအကဖြင့်လည်းကောင်း၊ ပန်ဆန်းဒေသမှ"ဝ" တိုင်းရင်းသား၊ တိုင်းရင်းသူများက "ကျေးဇူးတင်သည် ဒို့တိုင်းပြည်" ယိမ်းအကဖြင့်လည်းကောင်း၊ မွန်၊ ကယား၊ ကရင်၊ ရဝမ် တိုင်းရင်းသူများ သင်္ကြန်ယိမ်းအဖွဲ့က "ရိုးရာအလှ မြန်မာ့သင်္ကြန်" ယိမ်းအကဖြင့်လည်းကောင်း၊ ကျောက်တလုံး ဒေသမှ ပအိုဝ်းတိုင်းရင်းသား တိုင်းရင်းသူများက "ရှင်လောင်းပွဲမီးရှူးခံ" အကဖြင့်လည်းကောင်း၊ မိုးဗြဲဒေသမှ ကယားတိုင်းရင်းသား၊ တိုင်းရင်းသူများက "တူယှဉ်နွဲပျော် ကယန်းပွဲတော်"အကဖြင့်လည်းကောင်း၊ ချင်းပြည်နယ် နာရိန်းဒေသမှ ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူများက "မေတ္တာရနံ့ သင်းပါစေ"အကဖြင့်လည်းကောင်း၊ အခါ၊ ရှမ်း၊ယွန်း၊ပအိုဝ်းတိုင်းရင်းသူများက "ပြည်ထောင်စုကြီး အေးချမ်းပါစေ" ယိမ်းအကဖြင့်လည်းကောင်း သီဆိုကပြ ဖျော်ဖြကြသည်။

ချီးမြှင့်

ယင်းနောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြု လက်ဆောင်များ ချီးမြှင့်သည်။

ထို့နောက် တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးက တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

တပျော်တပါးဆင်နွှဲ

ဆက်လက်၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဧည့်သည်တော်များသည် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းမိသားစုများ၊ တိုင်းရင်းသားတိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်အတူ မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူး မဟာသင်္ကြန်ပွဲကို တပျော်တပါးပျော်ရွှင်စွာ ဆင်နွှဲကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပသည့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာမှ မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ နဝမအကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်မဏ္ဍပ်တွင် တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်စဉ်။ (သတင်းစဉ်)

✧ မဟာသင်္ကြန်မှ

သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ကြီးကြပ်မှုဖြင့်ရပ်ကွက်အလိုက်၊ လမ်းအလိုက် မိသားစုရေကစားမဏ္ဍပ်နှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၏ ရေကစားမဏ္ဍပ်များဖြင့် အထူးစည်ကားများပြားစွာ အတာရေသဘင်ပွဲတော်ကို နွှဲပျော်လျက်ရှိကြသည်။

ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်း၌ ရေကစားမဏ္ဍပ်ကြီး ၁၂၉ခု၊ ရေကစားမဏ္ဍပ်လတ် ၇၄ခုနှင့်မဏ္ဍပ်ငယ် ၉၆ခု စုစုပေါင်း ရေကစားမဏ္ဍပ်ပေါင်း ၃၀၁ ခု တို့ဖြင့် ရေသဘင်ပွဲတော် နွှဲပျော်ကြရာ ယမန်နှစ်ကထက် ရေကစားမဏ္ဍပ် ၇၆ ခု ပိုမိုများပြားသည်ဟု သိရသည်။ အဆိုပါ ရေကစားမဏ္ဍပ်များသို့ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် မဟာသင်္ကြန် စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ဝင်များက ခရိုင်အတွင်းရှိ ရေကစားမဏ္ဍပ်များသို့ လှည့်လည် ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

စည်းကမ်းတကျရေကစား

ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်း ကမာရွတ်မြို့နယ်၌ ရေကစားမဏ္ဍပ် ၉၅ခု၊ ဗဟန်းမြို့နယ်၌ ၈၄ ခု၊ လှိုင်မြို့နယ်၌ ၂၇ ခု၊ မရမ်းကုန်း မြို့နယ်၌ ၂၂ ခု၊ လမ်းမတော်မြို့နယ်၌ ၁၄ ခု၊ စမ်းချောင်းမြို့နယ်၌ ၁၅ ခု၊ လသာမြို့နယ်၌ ငါးခု၊ ကျောက်တံတားမြို့နယ်၌ ခြောက်ခု၊ အလုံမြို့နယ်၌ ခုနစ်ခု၊ ကြည့်မြင်တိုင်မြို့နယ်၌ ခြောက်ခု၊ဒဂုံမြို့နယ်၌ကိုးခု၊ဆိပ်ကမ်းမြို့နယ်၌နှစ်ခုနှင့်ပန်းဘဲတန်းမြို့နယ်၌ ကိုးခုတို့ဖြင့် ပြည်သူအများ အေးချမ်းပျော်ရွှင်စွာ စည်းကမ်းတကျ ရေကစားကြသည်ကို တွေ့ရသည်။

အင်းလျားလမ်း

အထူးသဖြင့် ကမာရွတ်မြို့နယ် အင်းလျားလမ်း တစ်လျှောက်၌ ပုဂ္ဂလိကစီးပွားရေးကုမ္ပဏီ လီမိတက်များ၏ ရေကစားမဏ္ဍပ်ကြီး ၃၉ခု၊ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း တစ်လျှောက်၌ ပုဂ္ဂလိက စီးပွားရေး ကုမ္ပဏီလီမိတက်များ၏ ရေကစားမဏ္ဍပ် ၂၂ခု၊ ပြည်လမ်းတစ်လျှောက်၌ ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ၁၆ခု၊ ဦးချစ်မောင်လမ်း တစ်လျှောက်၌ ရပ်ကွက်အလိုက်၊လမ်းအလိုက်မိသားစုများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း ကုမ္ပဏီလီမိတက်များ၏ ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ် ၂၃ ခု၊ တက္ကသိုလ်ရိပ်သာလမ်းသစ် တစ်လျှောက်၌ ရေကစားမဏ္ဍပ် ၁၀ခုနှင့် လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီး တစ်လျှောက်တို့၌ ရေပက်ခံကားများ အထူးများပြား စည်ကားစွာ ရေကစားကြသည်ကို တွေ့ရသည်။

သန်လျင်မြို့နယ်

အလားတူ ရန်ကုန်တောင်ပိုင်းခရိုင်၌ သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့ အပါအဝင် ခရိုင်အတွင်းရှိ မြို့နယ်ပေါင်း ၁၀မြို့နယ်တို့၌ ပြည်သူအများ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်အစဉ်အလာများနှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ ရေကစားကြသည်။

ထို့အတူ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း အင်းစိန်မြို့နယ်၌ ရေကစားနှင့် ဖျော်ဖြေရေးမဏ္ဍပ် ခြောက်ခု၊ လှိုင်သာယာမြို့နယ်၌ သုံးခုနှင့် ရွှေပြည်သာမြို့နယ်၌ ငါးခုတို့အပြင် ခရိုင်အတွင်းရှိ မြို့နယ်ပေါင်းရှစ်မြို့နယ်၌

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြ

မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြ

မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအန

ရန်ကုန် ဧပြီ ၁၅

မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော်ဝန် အနားကို ဧပြီ ၁၂ရက် ညနေ ၅နာရီတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှေ့ရှိ မန္တလေးမြို့တော်ဝန် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အ

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ မန္တလေးမြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်နှင့် အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ စည်ပင်သာယာ ဝန်ထမ်းများနှင့် မိသားစုများ၊ဖိတ်ကြားထားသူများ၊ အနုပညာရှင်များ၊ မန္တလေးခရိုင် မြို့နယ်ငါးမြို့နယ်မှ တူညီဝတ်စုံဝတ် ကျောင်းသူလေးများ၊ ပြည်သူများ စည်ကားစွာတက်ရောက်ကြသည်။

နှုတ်ခွန်းဆက်စကားပြောကြား

အခမ်းအနားတွင် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းက ကျက်သရေမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံသော မြန်မာနှစ်သစ်ကူးအခါသမယတွင် ကိုယ်စိတ်ရွှင်လန်း ချမ်းမြေ့ကြပါစေ၊ ရေလိုအေး၍ ပန်းလိုမွှေးကြပါစေဟု ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သပါကြောင်းဖြင့် နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းတို့က မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းသို့ ဖဲကြိုးဖြတ်ဖွင့်လှစ်လိုက်သည်နှင့် မန်းစည်ပင်မိသားစုများ၊ ကျောင်းသူလေးများနှင့် ပရိသတ်တို့က မိုးပျံပူဖောင်းများကို လွှတ်တင်ပေးကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို နွှဲပျော်ကြသည်။

အနားယူအပန်းဖြေ

ယင်းကဲ့သို့ အတာသင်္ကြန်ရေသဘင်ပွဲဆင်နွှဲကြသူများသည် နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်တစ်ခွင်ရှိ ရေကစားမဏ္ဍပ်များ၌ ပျော်ရွှင်အေးချမ်းစွာ ရေကစားကြပြီး မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော်အတွင်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၏ ပန်းခြံများ၌ အေးရိပ်ခိုအနားယူအပန်းဖြေကြကာ ညနေပိုင်းတွင် အတာသင်္ကြန် ရေသဘင်ပွဲကို ဆက်လက်ဆင်နွှဲကြသည်ကို တွေ့ရသည်။

ဧပြီ ၁၆ရက် မဟာသင်္ကြန်အတက်နေ့သည် ယခုနှစ် မဟာသင်္ကြန်ပွဲတော်၏ နောက်ဆုံးရက်ဖြစ်သဖြင့် သင်္ကြန်ချစ်သူပြည်သူများ အရှိန်မြှင့်တင်ရေကစားကြရန် စီစဉ်လျက်ရှိသည်ဟု သိရသည်။ (သတင်းစဉ်)

ဧပြီ ၁၄ ရက် မဟာသင်္ကြန် (ပထမ)အကြတ်နေ့ကမဟာဗန္ဓုလလမ်းနှင့်(၅၁)လမ်းထောင့်ရှိရေကစားမဏ္ဍပ်တွင် ရေပက်ခံ ထွက်သူများနှင့် ရေပက်သူများ ပျော်ရွှင်စွာ ရေကစားနေကြစဉ်။ (ကြေးမုံ)

...ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ...ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်နှင့် ...င်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားတက်ရောက်

ဧပြီ ၁၅

...ကျေးမှုမဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်း ...င်သာယာရေးကော်မတီရုံးရှေ့ရှိ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပရာ ...မှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးသည်။

ကြပါစေဟု ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သပါကြောင်းဖြင့် နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းတို့က မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းသို့ ဖဲကြိုးဖြတ်ဖွင့်လှစ်လိုက်သည်နှင့် မန်းစည်ပင်မိသားစုများ၊ ကျောင်းသူလေးများနှင့် ပရိသတ်တို့က မိုးပျံပူဖောင်းများကို လွှတ်တင်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ၊ ဖိတ်ကြားထားသူများသည် နံ့သာရည်ဖြင့် အပြန်အလှန် ပက်ဖျန်းကြသည်။

ဆက်လက်၍ အနုပညာဦးစီးဌာန မင်္ဂလာစည်တော်ကြီးအဖွဲ့၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဆိုင်းဝိုင်းကြီးနှင့် မန်းစည်ပင်ခေတ်ပေါ်တေးဂီတအဖွဲ့တို့နှင့်တွဲဖက်၍ မန်းစည်ပင်ယိမ်းအဖွဲ့ဝင်များ၊ တူညီဝတ်စုံဝတ် ကျောင်းသူလေးများသည် အတာသင်္ကြန်တေးများဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် အလှပြယာဉ်များ၊ မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ရှေ့မှ ဖြတ်သန်းဂါရဝပြုရာတွင် ရှေ့ဆုံးမှ မြို့မငွေနန်းအလှပြယာဉ်က ဂါရဝပြုဖြတ်သန်းသည်။

ဆက်လက်၍ မန္တလေးခရိုင် ကိုယ်စားပြု မြနန်းမန္တလာ အလှပြယာဉ်၊ ပြင်ဦးလွင်ခရိုင် ကိုယ်စားပြု ချယ်ရီမေအလှပြယာဉ်၊ ရမည်းသင်းခရိုင်ကိုယ်စားပြု ရွှေပိတောက်သင်းအလှပြယာဉ်၊ မြင်းခြံခရိုင်ကိုယ်စားပြုစကားဝါမြေအလှပြယာဉ်၊ ကျောက်ဆည်ခရိုင်ကိုယ်စားပြုမဏ္ဍရာပျိုဖြူအလှပြယာဉ်၊ မိတ္ထီလာခရိုင် ကိုယ်စားပြု ထီလာမေ အလှပြယာဉ်နှင့် ဈေးချိုသူအလှပြယာဉ်တို့က ခါသင်္ကြန်အဆိုအကများဖြင့်ဖျော်ဖြေရင်း မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ကို ဖြတ်သန်းဂါရဝပြုကြသည်။

(သတင်းစဉ်)

ပွဲကို ဆက်လက်ဆင်နွှဲကြသည်ကို တွေ့ရသည်။

ဧပြီ ၁၆ရက် မဟာသင်္ကြန်အတက်နေ့သည် ယခုနှစ် မဟာသင်္ကြန်ပွဲတော်၏ နောက်ဆုံးရက်ဖြစ်သဖြင့် သင်္ကြန်ချစ်သူပြည်သူများ အရှိန်မြှင့်တင်ရေကစားကြရန် စီစဉ်လျက်ရှိသည်ဟု သိရသည်။ (သတင်းစဉ်)

ကပြဖျော်ဖြေ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဧည့်သည်တော်များအား ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ နဝမအကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်မဏ္ဍပ်တွင် နယ်စပ်ဒေသများမှ တိုင်းရင်းသား၊ တိုင်းရင်းသူများက သင်္ကြန်အကများဖြင့် ကပြဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ပိတောက်ပန်းကို လွမ်းရသည်

– ၁ –

❄ ပိတောက်ပန်းတွေ၊ ရွှေရည်လိမ်းကျံ
ညှာတံစိမ်းစိမ်း၊ မြရည်လိမ်းယှက်
ပွင့်ခက်ဝေဝေ၊ လေမှာညွတ်ပျောင်း
အလှပေါင်းစုံ၊ ဂုဏ်ရည်တုကင်း
ပန်းမင်းသခင်၊ ဆင်းသွင်ပုံရိပ်
နိမိတ်မင်္ဂလာ၊ ရင်မှာဖြစ်တည်
ညွှန်းပြုရည်မှန်း၊ ကဗျာပန်းကို
ရေးဖွဲ့ဆို၍၊ ကြိုဆိုသင်္ကြန်
မြန်မာ့ဟန်။

– ၂ –

❄ နှစ်သစ်မင်္ဂလာ၊ မေတ္တာပေါင်းကူး
"တူးပို့"တေးသံ၊ လွင့်ပျံမစဲ
ခြိမ့်ခြိမ့်သဲပင်၊ ပွဲတော်သင်္ကြန်
သံချပ်သံတွေ၊ စီစီဝေလျက်
ရေပက်သွန်းလောင်း၊ အေးစေကြောင်းဟု
ဆန္ဒပြုကြ၊ ဖြူစင်လှသည်
မြန်မာ့စိတ်ရင်း၊ ငြိမ်းချမ်းခြင်း။

– ၃ –

❄ မြန်မာသက္ကရာဇ်၊ တစ်နှစ်ကူးပြောင်း
အဟောင်းမှအသစ်၊ ပျိုမျစ်ကာလ
ရောက်ခဲ့ရပြီ၊ မြန်မာ့လူ့ဘောင်၊
ဆောင်ကြဉ်းအသစ်၊ ခေတ်မီဖွံ့ဖြိုး
တိုးတက်စေရန်၊ အဓိဋ္ဌာန်ဖြင့်
အောင်လံလွှင့်လျက်၊ ခရီးဆက်မည်
ပွင့်ခက်ပိတောက်၊ ရွှေရည်သောက်သို့
ထမြောက်ရှင်သန်၊ ရွှေနိုင်ငံကို
သင်္ကြန်ကြိုလျက်၊ ဖျန်းပက်အတာရေ
မေတ္တာဝေသည်၊ သာစေမာစေ
သာယာစေ။

– ၄ –

❄ ပိတောက်ညှာတံ၊ လိမ်းကျံမြရည်
စိမ်းနေသည်သို့၊ စိမ်းညို့လယ်ကွင်း
စိုက်ခင်းယာတော၊ ရှုမောမဆုံး
ဝန်းကျင်လုံးတွင်၊ ဖုံးလွှမ်းစိမ်းရောင်
မြတောင်ကြီးလား၊ ဝင့်ဝင့်ကြွားသည်
စပါးသီးနှံ၊ အထွက်သန်ပြီး
ကြံနှင့်ပဲ နှမ်း၊ ဝါဂွမ်းနှင့်ဂျုံ
ဂုန်လျှော်နှင့်ပြောင်း၊ အထွက်ကောင်းပြီ
ရာသီမရွေး၊ စိုက်ပျိုးရေးက
မြန်မာ့ထွက်ကုန်၊ အမျိုးစုံလျက်
ခေတ်တစ်ဆက်ကို၊ ပွင့်ခက်ပိတောက်
ရွှေရည်သောက်ဟန်၊ ညှာတံစိမ်းစိမ်း
လိမ်းကျံမြရည်၊ ပန်းချီတင်စား၊
ပုံရိပ်များသွင်၊ အားမာန်ဖော်ကျူး
နှစ်သစ်ဦးဟု၊ ညွှန်းပြုကဗျာ
ရေးဖွဲ့ပါသည်၊ ကမ္ဘာတည်မျှ
မြန်မာ့ဝေလေ့၊ မမေ့နိုင်ဘဲ
သင်္ကြန်ပွဲတွင်၊ ပွင့်ဆဲပိတောက်ပန်း
ရင်မှာလွမ်းမိ၊ လွမ်းပါဘိ။

– ၅ –

❄ သင်္ကြန်နှင့် ပိတောက်ပန်း၊ ငြိမ်းချမ်းခြင်းအလှ
သင်္ကေတဖြင့်၊ ထာဝရညီညွတ်ရေး
တေးသံမြိုင်မြိုင်၊ သံချပ်တိုင်လျက်
ခရီးဆက်မည်၊ ပွင့်ခက်ပိတောက်
ရွှေရည်သောက်သို့၊ ထမြောက်ရှင်သန်
ရွှေနိုင်ငံကို၊ သင်္ကြန်ကြိုသည်
အတာရေလို အေးမြစေ။ ။

၁၃၆၅ ခုနှစ်
မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်သို့-

ကေတုနီလာ

ဧပြီ ၁၃ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းတို့က မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ဧပြီ ၁၄ ရက် မဟာသင်္ကြန် (ပထမ)အကြတ်နေ့က မဟာဗန္ဓုလ လမ်းနှင့်(၅၁)လမ်းထောင့်ရှိရေကစား မဏ္ဍပ်တွင် ရေပက်ခံ ထွက်သူများနှင့် ရေပက်သူများ ပျော်ရွှင်စွာ ရေကစားနေကြစဉ်။ (ကြေးမုံ)

သတိ

၁။ လေပေါင် ၁၀၀မှ ၁၅၀အထိ အတင်းအချုပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် **ရေပက်ကစားခြင်းကြောင့် ရေစူးအား ပြင်းလွန်း၍ ရေပက်ခံရသူတွင်အသားအရေများပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်း မပြုရန် တားမြစ်ပါသည်။**

၂။ **သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက် ၀၇း၀၀နာရီမှ ၁၈း၀၀နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။**

၃။ **တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါသည်။**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည် ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ ထောင်(၁)နှစ်
၂။ ကစားသူ ထောင်(၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ ထောင်(၅)နှစ်နှင့်ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

❒ **ကျောဖုံးမှ**

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဌာနအကြီးအကဲများ၊ မန္တလေးတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဧရာဝတီတံတား(ရတနာပုံ)တည်ဆောက်ရေးစီမံကိန်းဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မင်္ဂလာအချိန်ကျရောက်သည်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း မန္တလေး ဘက်ကမ်း၏ တံတားသံပေါင်၌ ရွှေမှုလီများကို တပ်ဆင်ပေးကြသည်။

အမွှေးနံ့သာပက်ဖျန်း

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တံတားသံပေါင်ကို ပရိတ်ရေ၊ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် သံပေါင်တင် မင်္ဂလာအခမ်းအနား၏ ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် တံတားသံပေါင်ကို မန္တလေးဘက်ကမ်း ပင်မတံတားတိုင် RP 1ပေါ်သို့ ဝန်ချီစက်ဖြင့် မတင်ပြီး မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သံပေါင်တင် မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ဧရာဝတီ တံတား(ရတနာပုံ)တည်ဆောက်ရေးစီမံကိန်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီးများက တံတားတည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်မှုနှင့် ပြီးစီးသည့် တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်စောထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကိုမှာကြားသည်။

အစိုးရနည်းပညာကောလိပ်

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန အစိုးရနည်းပညာကောလိပ်(မန္တလေး)သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ခံအင်ဂျင်နီယာ ဦးဖိုးထူးက အစိုးရနည်းပညာကောလိပ်(မန္တလေး) တည်ဆောက်ရေးလုပ်ငန်းများနှင့် အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီး ဒေါ်ဝင်းမေက အစိုးရနည်းပညာကောလိပ်(မန္တလေး)တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်တန်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သင်ကြားမှု အခြေအနေများ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ထူးချွန်ထက်မြက်သည့် ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွက်လာရေး၊ ယင်းသို့ပေါ်ထွက်လာစေရန် ဆရာ၊ ဆရာမများက မြင့်မြတ်သော စိတ်ထားများဖြင့် အလေးထား လေ့ကျင့်သင်ကြားပေးရေး ကိစ္စတို့ကို ရှင်းလင်းမှာကြားသည်။ ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(မန္တလေး) အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေးတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကထိကများ၊ ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ပါမောက္ခချုပ် ဒေါက်တာမြတ်မိုးက မန္တလေးမြို့၌ တိုင်းရင်းဆေးတက္ကသိုလ် ဖွင့်လှစ်ခဲ့မှု၊ တက္ကသိုလ်တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သင်တန်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေမှု၊ တိုင်းရင်းဆေးတက္ကသိုလ် အဆောက်အအုံများ ဆောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို မှာကြားပြီး တိုင်းရင်းဆေးတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပလတ်စတစ်စက်ရုံ

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ကျောက်ဆည်မြို့သို့ ရောက်ရှိကြပြီး ကျောက်ဆည်စက်မှုနယ်မြေရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ ပလတ်စတစ်စက်ရုံ(ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ပလတ်စတစ်စက်ရုံ(ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားသို့ အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကျောက်ဆည်ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားနှင့် ဆင်အကအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့က ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပလတ်စတစ်စက်ရုံ(ကျောက်ဆည်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပလတ်စတစ်စက်ရုံ(ကျောက်ဆည်) ဆိုင်းဘုတ်ကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ပလတ်စတစ်စက်ရုံ (ကျောက်ဆည်) တည်နေရာ၊ စက်ရုံတည်ဆောက်ရသည့် ရည်ရွယ်ချက်၊ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဘိလပ်မြေအိတ်ခွံ ထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးဦးအောင်သောင်းက စက်ရုံနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)မှာ တစ်နှစ်လျှင် ဘိလပ်မြေအိတ်ခွံ ကိုးသန်း ထုတ်လုပ်ပေးနိုင်မည့် စက်ရုံဖြစ်သည်။ နောင်တွင် ကြက်သွန်အိတ်များပါ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အစိုးရနည်းပညာကောလိပ်

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် အစိုးရနည်းပညာကောလိပ်(ကျောက်ဆည်)သို့ ရောက်ရှိကြရာ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ရန်ကုန်နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ဓာတုအင်ဂျင်နီယာဌာနနှင့် ဇီဝနည်းပညာမဟာဌာန ဌာနမှူး ဒေါက်တာဒေါ်မြမြဦးက ရန်ကုန်နည်းပညာတက္ကသိုလ်က စမ်းသပ်သုတေသနပြု ဆောင်ရွက်လျက်ရှိသည့် ဇီဝဓာတ်ငွေ့သုတေသနလုပ်ငန်း၊ ဇီဝဓာတ်ငွေ့ဖြင့် ကျောက်ဆည်မြို့နယ်နှင့် တံတားဦးမြို့နယ်တို့အတွင်းရှိ ကျေးရွာများ၌ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်မှု၊ ဇီဝဓာတ်ငွေ့ထုတ်ကန်မှ ရရှိသော သဘာဝမြေသြဇာနှင့် သဘာဝမြေသြဇာ၏ အစွမ်းသတ္တိများ၊ သစ်တိုသစ်စ၊ စပါးခွံများဖြင့် ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ချက်များ၊ ဇီဝမြေသြဇာထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ကျေးရွာသုံး ဇီဝဓာတ်ငွေ့ထုတ်ကန်များကို ကျေးရွာများ၌ အသုံးပြုနိုင်ရန် စည်းရုံးဆောင်ရွက်ခဲ့မှုနှင့် ကျေးရွာလူထုကြိုက်နှစ်သက်သုံးစွဲနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားနှင့် သဘာဝမြေသြဇာရရှိနိုင်သည့် ကျေးရွာသုံး ဇီဝဓာတ်ငွေ့ထုတ်ကန် တည်ဆောက်ထုတ်လုပ်ခြင်း လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇီဝဓာတ်ငွေ့သုတေသနလုပ်ငန်း၊ ဇီဝမြေသြဇာ သုတေသနလုပ်ငန်း၊ အပင်တစ်သျှူး မွေးမြူမျိုးပွားခြင်းလုပ်ငန်း စသည့် သုတေသနပြု ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြသထားမှုများကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကျေးရွာသုံး ဇီဝဓာတ်ငွေ့ထုတ်ကန် တည်ဆောက်၍ လျှပ်စစ်မီးအသုံးပြုလျက်ရှိပြီး သဘာဝမြေသြဇာ အသုံးပြုနိုင်လျက်ရှိသည့် ကျေးရွာများမှ ရွာသူ၊ ရွာသားများအား တွေ့ဆုံမေးမြန်းရာ ရွာသူ၊ ရွာသားများက ဇီဝဓာတ်ငွေ့ထုတ်ကန် တည်ဆောက်အသုံးပြုခြင်းကြောင့် ရရှိသည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြကြသည်။

အချင်း ၁၇ ဒသမ ၂ လက်မ၊ အမြင့် ၁၀ပေ၊ ကန်ထုထည် ၅၀ကုဗမီတာ အတိုင်းအတာရှိသည့် ကျေးရွာသုံး ဇီဝဓာတ်ငွေ့ထုတ်ကန်များကို ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာ၊ တံတားဦးမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာတို့၌ စမ်းသပ်တည်ဆောက်ခဲ့သည်။

အဆိုပါ ဇီဝဓာတ်ငွေ့ထုတ်ကန်များတွင် နွားချေး၊ ဝက်ချေး၊ မြင်းချေး စသည့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများ၊ ကောက်ရိုး၊ ပြောင်းရိုး၊ ဂျုံရိုး၊ နှမ်းရိုး စသည့် စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများ၊ အကိုင်း၊ အခက်များ၊ မြက်ပင်များ၊ ဗေဒါများ၊ သစ်ရွက်ကြွေများ စသည့် သစ်တောဘေးထွက်ပစ္စည်းများ၊ စက်ရုံနှင့် မြူနီစပယ် စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ ဇီဝဓာတ်ငွေ့ထုတ်ယူနိုင်သည်။

ထွက်ရှိလာသည့် ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည့်အပြင် သဘာဝမြေသြဇာများ ရရှိကြောင်းသိရှိရသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်ရှိ CNC Machine Shop လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လိမ္မော်၊ ပျားလိမ္မော်နှင့် ပြည်ပသစ်ခွများကို တစ်သျှူးနည်းဖြင့် သုတေသနပြု မွေးမြူစမ်းသပ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇီဝမြေသြဇာ ပြင်ဆင်ခြင်း သုတေသနလုပ်ငန်းများကိုလည်းကောင်း၊ သစ်တိုသစ်စများ အသုံးပြု၍ ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးကြပြီး အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ပြန်လည်ပြည့်ဖြိုးမြဲ လောင်စာဖြစ်သော ဇီဝဓာတ်ငွေ့ကို နွားချေးနှင့် သစ်တိုသစ်စမှထုတ်ယူ၍ ကျေးလက်သုံး လျှပ်စစ်စွမ်းအင်ရရှိရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို ရန်ကုန်နည်းပညာတက္ကသိုလ် ဓာတုအင်ဂျင်နီယာဌာနနှင့် ဇီဝနည်းပညာ မဟာဌာနက ကြီးမှူး၍ လေ့လာစမ်းသပ် တီထွင်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ညောင်တုန်းမြို့ ရေနံဓာတ်ငွေ့ရည်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

စွမ်းအင်ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ညောင်တုန်း ရေနံဓာတ်ငွေ့ရည်စက်ရုံ စစ်ဆေး

ရန်ကုန် ဧပြီ ၁၅

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ရှိန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၃ရက် နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့မှ ထွက်ခွာလာရာ ညောင်တုန်းမြို့ ရေနံဓာတ်ငွေ့ရည်စက်ရုံသို့ ရောက်ရှိသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့အား စက်ရုံမှူး ဦးကြည်စန်းနှင့် တာဝန်ရှိသူများက စက်ရုံရှင်းလင်းဆောင်၌ စက်ရုံလည်ပတ်နိုင်ရေးအတွက် နိုင်ငံခြားသားပညာရှင်များနှင့် တွဲဖက်ဆောင်ရွက်နေမှုများ၊ လျှပ်စစ်မီးရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဒုတိယဝန်ကြီးက ပြည်ပကုမ္ပဏီများနှင့် နှစ်ဖက်သဘောတူ စာချုပ်ပါအတိုင်း ကိုက်ညီအောင် စစ်ဆေးဆောင်ရွက်ရန်၊ လျှပ်စစ်မီး မပြတ်တောက်စေရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ကြရန်၊ စက်ရုံဝန်ထမ်းများ အနေဖြင့် လုပ်ငန်းခွင်အလိုက် အမှန်တကယ် ကျွမ်းကျင်တတ်မြောက်အောင် လေ့လာကြိုးပမ်းဆောင်ရွက်ကြရန်၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သာယာလှပရေး၊ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားကြရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ပန်းတနော်မြို့နယ် ပျဉ်တုံးကလေးကျေးရွာအနီးရှိ အစမ်းတွင်း တူးဖော်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိသည်။ ဒုတိယဝန်ကြီးနှင့်အဖွဲ့အား ညွှန်ကြားရေးမှူး (ရှာဖွေရေးနှင့် ဖွံ့ဖြိုးရေး) ဦးကျော်လှိုင်၊ ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးစိန်ဝင်းတို့က အစမ်းတွင်း အမှတ်(၁)ဆောင်ရွက်နေမှု အခြေအနေ၊ အမှတ်(၂)နှင့် အမှတ်(၃)တို့အတွက် မြေသားလုပ်ငန်းများ ပြုပြင်ထားရှိမှုအခြေအနေ၊ တူးဖော်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောက်ရှိမည့်အခြေအနေ၊ ယာယီအဆောက်အအုံများ ဆောက်လုပ်နေရာချထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဒုတိယဝန်ကြီးက နိုင်ငံတော်၏ လျင်မြန်စွာ တိုးတက်လာသော စွမ်းအင်အသုံးပြုမှုနှင့် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် တူးဖော်ရေးလုပ်ငန်းများကို လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ မီးဘေးအန္တရာယ်နှင့် အခြားမတော်တဆမှုများကြောင့် နိုင်ငံ့ဘဏ္ဍာ မဆုံးရှုံးအောင် အထူးသတိထား ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

ဟိုတယ်/ ခရီးဝန်ကြီးဌာန မဟာသင်္ကြန်မဏ္ဍပ် မန္တလေး၌ဖွင့်လှစ်

ရန်ကုန် ဧပြီ ၁၅

မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးကို ရည်ရွယ်၍ မန္တလေးမြို့ ကျုံးရှေ့ အင်းဝ ဟိုတယ်မျက်နှာစာရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်မဏ္ဍပ်၌ဧပြီ ၁၄ရက် (အကြတ်)နေ့တွင် မန္တလေးမြို့ပေါ်ရှိဟိုတယ်များ၌ တည်းခိုလျက်ရှိသော ကမ္ဘာလှည့်ခရီးသည်များ၊ ခရီးလှည့်လည်ရေး ကုမ္ပဏီများ၏ အစီအစဉ်ဖြင့် မန္တလေးသင်္ကြန်သို့ ရောက်ရှိနေသော ကမ္ဘာလှည့်ခရီးသည်များနှင့် သင်္ကြန်ချစ်သူများ ပျော်ရွှင်စွာ ရေပက်ဖျန်းကစားပြီး မဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ မဟာသင်္ကြန်မဏ္ဍပ်၌ ရေပက်ခံကားများနှင့် ရေပက်ကစားကြသူများ အထူးစည်ကားလျက်ရှိပြီး လာရောက်ကြည့်ရှု အားပေးကြသူများအား မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း(မန္တလေး)မှ လှပျိုဖြူကလေးများက ရိုးရာသင်္ကြန် ယိမ်းအကတို့ဖြင့် ကပြဖျော်ဖြေကြသည့်အပြင် ရုပ်ရှင်အနုပညာရှင်များနှင့် အဆိုတော်များက "ဆဲဗင်းဖိုးဆဲဗင်း"ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ သီဆိုဖျော်ဖြေကြရာ မန္တလေးမြို့သို့ ရောက်ရှိနေကြသော ဥရောပနှင့် အာရှနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသည်များနှင့် သင်္ကြန်ချစ်သူပြည်သူများ ရိုးရာနှစ်သစ် မဟာသင်္ကြန်ပွဲတော်၌ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။ (သတင်းစဉ်)

သာသနသီတလ ဓမ္မဗိမာန်တော်ကြီးအတွက် လှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၁၅

အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် အင်းစိန်လမ်းမကြီး အမှတ်(၆)ရှိ မဟာစည် သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ၌ တည်ဆောက်လျက်ရှိသော ငါးထပ်သာသနသီတလဓမ္မဗိမာန်တော်ကြီးရှေ့မျက်နှာစာတွင် အလူမီနီယံနေကာမှန်များ တပ်ဆင်လျက်ရှိရာ တစ်ပေပတ်လည် အကွက်ပေါင်း ၁၆၉၃အတွက် တစ်ကွက်လျှင် အလှူငွေကျပ် ၅၀၀၀ဖြင့် လှူဒါန်းနိုင်၍ အလှူရှင်များအား အနုမောဒနာ ဂုဏ်ပြုလွှာကို ပေးအပ်ပြီး ကျပ်တစ်သိန်းနှင့်အထက်လှူဒါန်းသူများအား ကျောက်စာကမ္ပည်းထိုး မှတ်တမ်းတင်ပေးမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

သီတဂူဆရာတော်တရားပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၅

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဆရာတော်သည် ဧပြီ ၂၀ရက်(ကဆုန်လဆန်း ၂ရက်)(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ဖိုးဒီကွဲကျေးရွာအုပ်စု ကွမ်းသီးချောင်းကျေးရွာ ပေါ်တော်မူဘုရားဝင်း သီတဂူဓမ္မဝိဟာရ စာသင်ကျောင်းဝင်း၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ (က-ပ)

ထိန်းသိမ်းဖွယ်ရာ ယဉ်ကျေးမှုသင်္ကြန်အတာ

ညွှန့်ဟံ(ကြူတော)

မြန်မာတို့သည် နှစ်သစ်ကူးသင်္ကြန်ကို မြတ်နိုးကြသည်။ ကြိုဆိုကြသည်။ မြန်မာ့မြေ၊ မြန်မာ့ရေတွင် ပေါက်ဖွားကြီးပြင်းသူတို့ တန်ဖိုးထားခြင်းလည်းဖြစ်သည်။ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သဖြင့် ထိန်းသိမ်းဖွယ်လည်းဖြစ်၏။ သင်္ကြန်တာကူးအခါသမယကို အကြောင်းပြု၍ အမှတ်အသား ဆောင်ရွက်ကြပုံကလည်း များလှ၏။ ပျော်ပွဲရွှင်ပွဲလည်းပါ၏။ ကုသိုလ်ပြုမှုလည်း သက်ဝင်သည်။ နှစ်သစ်ကူးပွဲဖြစ်၍ မြန်မာတို့၏ အသည်းစွဲ ရိုးရာပွဲတော်အဖြစ် မြတ်နိုးရပေသည်။

သက္ကတစကားမှ ဆင်းသက်သော "နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသော ကာလ၊ ရေပက်ဖျန်းသည့် နှစ်သစ်ကူးပွဲတော်"ဟု မြန်မာစာအဖွဲ့မှ ထုတ်ဝေသော မြန်မာအဘိဓာန်အကျဉ်းချုပ်၏ သင်္ကြန်ဝေါဟာရအဓိပ္ပာယ်ဖွင့်ဆိုချက်က နက်နဲလှပေသည်။ ခံယူသိမှတ်စရာတွေလည်းရှိ၏။ပျော်ပွဲရွှင်ပွဲသက်သက်မဟုတ်၊မင်္ဂလာရက်မြတ်ဖြစ်ပေသည်။ ထိန်းသိမ်းအပ်သော အမွေအနှစ်များလည်း ပြည့်နှက်နေ၏။

မြန်မာတို့ အလေးဂရုပြုသော သင်္ကြန်ဓလေ့ချိန်အခါကို အကြောင်းပြု၍ ဂီတသံစဉ်များ အကြိုကာလအဖြစ် ထွက်ပေါ်လာပေပြီ။ တေးသံသာများသည် သရုပ်ဖော်မှုများနှင့်အတူMulti-Mediaများမှတစ်ဆင့် ထုတ်လွှင့်ဖော်ကျူးကြသည်။ ကျက်သရေဝေဖြာတင့်တယ်သော ဂီတသံစဉ်များ၊ အလှအက သဘာဝတင်ဆက်သရုပ်ဖော်မှုများ တွေ့ရသကဲ့သို့ မြန်မာ့ဟန်၊ မြန်မာ့စံ၊ မြန်မာ့မျက်စိ၊ မြန်မာ့နားတို့နှင့် ညီညွတ်မှုမရှိလှသော အခြင်းအရာများကိုလည်း တွေ့ရသည်။

မြန်မာ့နီတိသြဝါဒများစွာတွင် သင်္ကြန်ယဉ်ကျေးမှုကို မြှင့်တင်ထိန်းသိမ်းဖို့ချည်း တွေ့ရတတ်ပေသည်။ သပြေခက်နှင့် ရေလောင်းကာ အတိတ်သမိုင်းတင့်တယ်သော ရိုးရာအမွေအနှစ်ကို စောင့်ရှောက်ဖို့ ဖြစ်ပေသည်။ ထိုသဘောကို ရာသီပွဲ၊ ပွင့်ဖူးသည့်ပန်း၊ ပါဝင်လှုပ်ရှားမှုကို ကျိုးကြောင်းပြ သရုပ်ဖော်သည့် စာပေကဗျာ ဂီတများစွာလည်း ထွက်ပေါ်ခဲ့ပေပြီ။ ရှေ့အဖို့တွင်လည်း ထွက်ပေါ်လာပေဦးမည်။

ဖြေဖျော်မှုလုပ်ငန်းတွင် ထိရောက်သော တေးဂီတလောကသီချင်းများစွာသည် သင်္ကြန်၏သရုပ်ကိုပီပြင်စေ၏။ မြတ်နိုးစရာဖြစ်အောင် ရေးဖွဲ့ကြ၏။ လက်ဆင့်ကမ်းအမွေဖြစ်၏။သို့ဖြစ်၍ လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်နိုင်ကြပေ၏။

အလျဉ်းသင့်၍ သပြေခက်နှင့်ရေပက်သည့် ရိုးရာဓလေ့အစဉ်အလာကို ဖော်ညွှန်းသည့် ခေတ်ဟောင်း ဂန္ထဝင်ဂီတလက်ရာတစ်ပုဒ်ကို တင်ပြချင်ပါ၏။ သီချင်းခေါင်းစဉ်ကို "သပြေခက်နှင့်ရေပက်"ဟု အမည်ပေးထားသည်။ ၁၉၃၉ ခုနှစ်လောက်က ဓာတ်ပြားသီချင်းလည်းဖြစ်ပါ၏။ ခံစားနိုင်ရန် တင်ပြလိုပေသည်။

"နွေခါမိဝယ်၊ ရာသီမိဿ၊ ဂိမန္တမို့၊ စိတြကြယ်၊ တိမ်ခိုးလယ်မှာ၊ စံပယ်ကွန့်လှ၊ တိမ်ဗွေချာဝယ်၊ ဒေသစာလှမ်း ခြွေကာမြန်းပါလို့၊ နှစ်ဆန်းငယ်သင်္ကြန်၊ သစ်သစ်သာ ဖန်တော့တယ်၊ နိုင်ငံကျော့ပြည်သူမှာ၊ ပန်ဆုယူတာ ရေသွန်းချိန်မို့၊ လွမ်းလှတယ်လေး။

(ကောင်းကင်အမူအရာ မြူလွှာအုံ့ပြန်သလေ၊ ဇမ္ဗူချာလုံးရှစ်ခန်းဗွေ၊ မဟူရာအမှုန့်တွေရစ်ဖျန်းသကဲ့သို့နေ)၂ (နှစ်ဆန်းဂိမှေ)၂ (ဗေဟီကျိုးလို့ တန်ခူးလရာသီခေါ်ပြန်ပေ)၂ (ကြိုင်ထုံပြန်သော် ကံ့ကော်ပိတောက်တွေ)၂ (ပျို့အိမ်ဘေးဝယ်)၂ ညင်းလေသွေးတော့မွှေးရနံ့ဝေ။ သင်္ကြန်အခါတွင်းမို့လေ။ သံပြိုင်။ ရေးအခါကတော့ ရှိရှိသေသေ ကစားကြပေ (မွေးသမိခင်၊ မွေးသဖခင်ထံ ခွင့်ပန်ကာ လောင်းရပါတဲ့အခြေ)၂ လာလေမဟာဆွေ၊ မေမရှက်နဲ့ ရက်မြတ်သင်းပျံ့ဗွေ၊ မာပါစေ၊ သာပါစေ၊ သပြေခက်နဲ့ ပက်ကြတဲ့ သင်္ကြန်ရေ။"ဟူ၍ အစချီထားပေသည်။

သင်္ကြန်ရေ၊ မေတ္တာပန်း၊ စိတ်ထားအလှ၊ ရှေးရိုးစဉ်အလာ အမူအရာစသည်တို့ကို ပေါ်လွင်အောင်ရေးဖွဲ့ထားပေ၏။ ခေတ်အလျောက် ပေါ်ထွက်လာသည့် ဂီတတေးသံ အချို့သည် စွဲမက်ဖွယ်ဖြစ်ပါ၏။ သို့ရာတွင် မြန်မာ့သံစဉ်မဟုတ်၊ အမူအရာနည်းမကျ၊ မြန်မာ့စံနှင့် မကိုက်သော သရုပ်ဖော်မှုများကို တွေ့ရသည့်အခါ စိတ်ပျက်ဖွယ်ဖြစ်ရပေသည်။

မြန်မာ့ဓလေ့ ခါသင်္ကြန်သည် ယဉ်ကျေးမှုကို ဦးတည်၏၊ ရက်အလိုက်သင်္ကြန်အမည် အရည်သတ်မှတ်ချက်ရှိပြီးဖြစ်၏။ နာရဒသံဟိတကျမ်းတွင် အသေးစိတ်ဖော်ပြချက်များရှိပေသည်။ နှစ်အလိုက် သင်္ကြန်အမည်များကို သင်္ကြန်လက်ရိုးကျမ်းတွင် တွေ့ရ၏။ သင်္ကြန်ချိန်ခါနှင့် တွဲလျက်သင်္ကြန်စာထုတ်ပြန်ကြ၏။ သင်္ကြန်ထမင်းသည် ထုံးဓလေ့တစ်မျိုးဖြစ်၏။

သင်္ကြန်စာသည် ဗေဒင်နက္ခတ်ပညာရှိတို့က နှစ်သစ်ကူးမည့် နေ့ရက်အချိန်နာရီနှင့်တကွ ဂြိုဟ်နက္ခတ်တို့ကို ရွေးချယ်လျက် နှစ်သစ်၌ ကျရောက်ဖြစ်ပေါ်မည့် မိုးလေဝသအခြေအနေ၊ ကောက်ပဲသီးနှံဆုတ်မှု၊ တိုးမှုစသည်တို့ကို ဟောပြောသည့် စာဖြစ်ကြောင်းတွေ့ရပါ၏။ တစ်နှစ်တစ်ကြိမ်ကျင်းပသော သင်္ကြန်ချိန်ခါကို အကြောင်းပြုခြင်း ဖြစ်၏။ မြန်မာဘုရင်များ လက်ထက်ကတည်းကပင် အရေးထားကြသည့် ဘုန်းတော်ဘွဲ့၊ နေပြည်တော်ဘွဲ့၊ မြို့ဘွဲ့များပါရှိပေသည်။ ကောင်းကျိုးကိုရည်မျှော်ခြင်းများ တွေ့ရတတ်ပေ၏။

သင်္ကြန်ထမင်းကို လူအများနှစ်လိုကြပေ၏။ ပျားဖယောင်းနံ့ စွဲအောင် အခိုးသတ်ထားသည့် အိုးတွင်ဆန်ထည့်၍ ရေခန်းချက်ပြီးလျှင် ရိုးရိုးရေ သို့မဟုတ် ဖယောင်းနံ့ရရှိအောင် ပြုလုပ်ထားသောရေနှင့် စိမ်ထားသည့် ထမင်းဖြစ်၏။ ငါးခြောက်ကြော်၊ အချဉ်သုပ်၊ ငရုတ်သီးခြောက်တို့နှင့် တွဲဖက်စားသုံးကြသည့် ဒါနပွဲတစ်မျိုးဖြစ်ရာ သင်္ကြန်ပွဲဆင်နွှဲသူတို့ မြိန်ရေယှက်ရေစားသောက်ကြ၏။ ကိုယ်တိုင်လည်းစားဖူးပါသည်။ ယခုတော့ ရှားပါးကုန်ဖြစ်မည်စိုးရပါသည်။ ယဉ်ကျေးမှုအမွေ မပျောက်စေချင်ပါ။

အတာကူးသည့်တန်ခူးလကို အကြောင်းပြု၍ အတာကျ၊ အတာတက် သဘင်ဆင်ယင်မှုတိုင်းသည် အကျိုးပြုသည့်ဘက်သို့ ဦးတည်ဖို့ဖြစ်၏။ နှစ်သစ်ကူးခြင်းနှင့်အတူ လာမည့်တစ်နှစ်ခရီးတွင် လုပ်ငန်းကိုင်ငန်း၊ စိတ်ထားစေတနာကောင်းများဖြင့် ကောင်းကျိုးဆောင်သည့် ရလဒ်များ ပေါ်ထွက်ဖို့ လုံ့လပြုရန် ဖြစ်ပေသည်။

ကျွန်တော့်အနေဖြင့် နှစ်ကူးသင်္ကြန် ထုံးဓလေ့အချို့ကို သိသာရုံတင်ပြခြင်းဖြစ်ပါသည်။ သင်္ကြန်ရေသည် စေတနာ၊ မေတ္တာဝေဖြာသည့် သန့်စင်မွန်မြတ်သော ရေဖြစ်၏။ သင်္ကြန်ရေလောင်းကာ အားမာန်သစ်တွေ ဖြစ်စေချင်သည်။ သင်္ကြန်ကို အကျည်းတန်စေလျှင် မသင့်။သရုပ်မပျက်စေသင့်။သရုပ်ပျက်လျှင် အဟုတ်နှက်ဖို့ ဖြစ်ပေသည်။ ပျော်ပွဲရွှင်ပွဲသက်သက်သဘောမထားဘဲ ထူးမြတ်သည့် နှစ်သစ်ဦးပွဲတော်အဖြစ် ဖော်ဆောင်ဖို့ ဖြစ်လေသည်။

ရိုးရာသင်္ကြန်နှင့် ပတ်သက်သည့် ရာဇဝင်အဖြစ်အပျက်များ ရှိခဲ့၏။ သမိုင်းဝင်စာပေများ ထွန်းကားခဲ့၏။ နှစ်သက်ဖွယ်အရေးအသားဖြင့် တင်ဆက်သော ကဗျာ၊ ဂီတများစွာရှိပေသည်။ သင်္ကြန်သရုပ်ဖော် တေးကဗျာများ သည် အချစ်၊ အလွမ်း၊ ပီတိခန်းများ၊ ထိကပါးရိကပါးချည်းဖြင့်မပြီး သရုပ်ဖော် အကသဘာဝသည် မြန်မာ့ယဉ်ကျေးမှုနှင့် ညီညွတ်လျှင် အသင့်မြတ်ဆုံးဖြစ်၏။

သင်္ကြန်နှင့်ပတ်သက်သမျှ ခံယူသိမှတ်စရာတွေက ကုန်ခန်းနိုင်ဖွယ်မရှိ။ အစဉ်အလာရိုးရာ ဓလေ့အနေဖြင့် ယဉ်ကျေးသိမ်မွေ့မှုကို အလေးထားခဲ့ကြသည်။ သင်္ကြန်၏ အနှစ်သာရ မပျက်ယွင်းစေဘဲ ကောင်းမြတ်သော စိတ်စေတနာပြုမှုမှုအမှန်ဖြင့် မြန်မာ့မှုဟန်နှုန်းစံအနေအထားကောင်းကို ဖော်ဆောင်ဖို့သာ တင်ပြလိုပါသည်။ ။

၁၃၆၅ခုနှစ် ပဋ္ဌမအကြိမ် မိသားစုမဟာသင်္ကြန်ပွဲတော်

ရန်ကုန် ဧပြီ ၁၅

၁၃၆၅ခုနှစ် ပဋ္ဌမအကြိမ် မိသားစု မဟာသင်္ကြန်ပွဲတော်ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပသည်။

မိသားစု မဟာသင်္ကြန်ပွဲတော်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ သင်္ကြန်ယိမ်းအကတို့ဖြင့် သီဆိုကပြ ညှော့်ခံဖျော်ဖြေကြပြီး ရင်းနှီးပျော်ရွှင်စွာ အတာရေများ ပက်ဖျန်းကစားကြသည်။ (သတင်းစဉ်)

ယူနန်ပြည်နယ်မှ စစ်ဆောင်ပနား အဆို၊ အကအဖွဲ့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

ရန်ကုန် ဧပြီ ၁၅

မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ Mr.Yang Jianming ခေါင်းဆောင်သည့် အဖွဲ့ဝင် ၃၄ဦးပါ တိုင်အမျိုးသား စစ်ဆောင်ပနား အဆို၊ အကအဖွဲ့သည် ယနေ့ မဟာသင်္ကြန် (ဒုတိယ)အကြတ်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူကွင်းရှိ ရခိုင်ရိုးရာသင်္ကြန်မဏ္ဍပ်သို့ ရောက်ရှိကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နုမြဖုံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည် တိုင်အမျိုးသား စစ်ဆောင်ပနား အဆို၊ အကအဖွဲ့အား တိုင်းရင်းသားရိုးရာ ရခိုင်ယဉ်ကျေးမှု အကများဖြင့် ဧည့်ခံဖျော်ဖြေပြီး စစ်ဆောင်ပနား အဆို၊ အကအဖွဲ့က လည်း ရိုးရာဒေါင်းအကတို့ဖြင့် ပြန်လည် ဖျော်ဖြေတင်ဆက်ကြသည်။ ယင်းနောက် ရခိုင်ရိုးရာလောင်းလှေဖြင့် ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

ဖျော်ဖြေဧည့်ခံ

ဆက်လက်၍ အဆိုပါ အဖွဲ့သည် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့တော်ဝန် ဖျော်ဖြေရေးမဏ္ဍပ်သို့ ရောက်ရှိ၍ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တည်ခင်းဧည့်ခံသော နေ့လယ်စာကို သုံးဆောင်ကြသည်။ ဧည့်သည် တိုင်အမျိုးသား စစ်ဆောင်ပနားအဆို၊ အကအဖွဲ့အား ရန်ကုန်မြို့တော်ဝန် ဖျော်ဖြေရေးမဏ္ဍပ်မှ လှပျိုဖြူများက မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန် ယိမ်းအကများဖြင့် ဧည့်ခံဖျော်ဖြေပြီး တရုတ်အဆို၊ အကအဖွဲ့ကလည်း အဆိုနှင့်တွဲဖက်၍ ရိုးရာဒေါင်းအကတို့ကို ပြန်လည်ဖျော်ဖြေ ဧည့်ခံကြသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက တိုင်အမျိုးသား စစ်ဆောင်ပနား အဆို၊အကအဖွဲ့အား ဆုကြေးငွေ ကျပ်တစ်သိန်းကို ဂုဏ်ပြုချီးမြှင့်ပြီး နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့တော်ဝန် ဖျော်ဖြေရေးမဏ္ဍပ်၌ ပျော်ရွှင်စွာ ရေကစားခဲ့ကြသည်။ (သတင်းစဉ်)

၁၃၆၅ခုနှစ် ပဋ္ဌမအကြိမ် မိသားစုမဟာသင်္ကြန်ပွဲတော်မဏ္ဍပ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ယိမ်းအကဖြင့် ကပြဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၄-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ မြန်မာသင်္ကြန်
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန် ဂီတသံ
- **၄:၂၀** ၄။ မြန်မာသင်္ကြန်
- **၄:၃၀** ၅။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၄၀** ၆။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၇။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- **၅:၀၀** ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -Public Finance (အိမ်တွင်းစီးပွား၊ ဥပဒေ)
- **၅:၃၀** ၉။ ပညာခေတ်
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မောင့်ရွှေနဖားစူး မယ့်ရွှေနဖူးစာ" (အပိုင်း-၂၅)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး" ဒုတိယတွဲ (အပိုင်း-၇)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ပြည်မြို့ ရတနာထီးဖြူ စေတီတော်မြတ်ကြီး ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား ကျင်းပ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရွှေထီးတော်တင်လှူ

ရန်ကုန် ဧပြီ ၁၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၁၂ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထွက်ခွာကြရာ နံနက် ၉နာရီတွင် ပဲခူးတိုင်း ပြည်မြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးခင်ဇော်ဦး၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပြည်မြို့ ရှေးဟောင်း သမိုင်းဝင် ရတနာထီးဖြူစေတီတော်သို့ ရောက်ရှိကြသည်။

ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) ပြည်မြို့ ရွာဘဲနယ်မြေရှိ ရှေးဟောင်း သမိုင်းဝင် ရတနာထီးဖြူစေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ဧပြီ ၁၂ရက် နံနက် ၉နာရီခွဲတွင် အဆိုပါ စေတီတော်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ရွှေထီးတော်တင်လှူ ပူဇော်သည်။

ပူဇော်ကြည်ညို

မင်္ဂလာအခမ်းအနားသို့ ရတနာထီးဖြူစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဘုရားဖူးပြည်သူများ တက်ရောက် ပူဇော်ကြည်ညိုကြသည်။

ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားတွင် သာသနာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ မင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ကိုးပါးသီလခံယူ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓောတိကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်

ထို့နောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ချည်တို့ကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ချည်တို့ကို ပင့်ဆောင်၍ စေတီတော်ကြီး၏ ပရိဝုဏ်အတွင်း ပက်ဖျန်းချည်နှောင်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော်ကြီးအား ရည်မှန်းလျက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလအား ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလက အနုမောဒနာတရားဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့်အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် စေတီတော်မြတ်ကြီးအား ရွှေထီးတော် တင်လှူပူဇော်ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပသည်။

အပူဇော်ခံ

ရှေးဦးစွာ သာသနာ့အလံကိုင်အဖွဲ့ ဦးဆောင်၍ ဒေဝါဝင်း၊ ရာဇာဝင်းခင်းပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော် ဘုံဆင့်များနှင့် အရံစေတီတော် ထီးတော်များကို မဏ္ဍပ်မှ ပင့်ဆောင်ကြပြီး စေတီတော်မြတ်ကြီးအား လှည့်လည်၍ အပူဇော်ခံသည်။

အစီအစဉ်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အဖွဲ့ဝင်များနှင့် အလှူရှင်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော် ဘုံဆင့်များကို တံကြား ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏ ရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြပြီး ဆက်လက်၍ စေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

ထိုအချိန်တွင် မင်္ဂလာစည်တော်အဖွဲ့နှင့် တွဲဖက်၍ အဆိုကျော်များက မင်္ဂလာရေခင်းတော် မင်္ဂလာရတု ပိုဒ်စုံတို့ဖြင့် သီဆိုပူဇော်ကြသည်။

ရောင်တော်ဖွင့်

မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော် ငြမ်းအထက်သို့ တက်ရောက်ပြီး ရတနာထီးဖြူ စေတီတော်မြတ်ကြီးအား ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်သည်။ ယင်းနောက် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အမွှေးနံ့သာရည်များဖြင့်ပက်ဖျန်း၍ရောင်တော်ဖွင့် ပူဇော်သည်။

ထိုအချိန်တွင် ဝန်ကြီးများနှင့် ဥပါသကာများက အရံစေတီများကို တင်လှူပူဇော်ကြသည်။

ရုပ်သိမ်း

ထို့နောက် သီရိသုဓမ္မ မဏိဇောတဓရ တံကြား ဦးသန်းလှက အမျှပေးဝေပြီး ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးသည်။ (သတင်းစဉ်)

တင်လှူပူဇော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ပြည်မြို့ ရတနာထီးဖြူ စေတီတော်မြတ်ကြီး ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားတွင် ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်၌ တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်မြို့ ရတနာထီးဖြူ စေတီတော်မြတ်ကြီး ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံဆင့်များကို စေတီတော်အား လှည့်လည် အပူဇော်ခံစဉ်။ (သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မဟာသင်္ကြန်ကာလ မြန်မာ့အလင်းသတင်းစာ နားရက်တွင် ပုံနှိပ်စက်များကြံ့ခိုင်ရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မဟာသင်္ကြန် ကာလအတွင်း မြန်မာ့အလင်း သတင်းစာ နားရက်တွင် ဝန်ထမ်းများ ပုံနှိပ်စက်များ ကြံ့ခိုင်ရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ရန်ကုန် ဧပြီ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ ညနေပိုင်းတွင် မြန်မာ့အလင်းသတင်းစာတိုက်သို့ သွားရောက်ပြီး မဟာသင်္ကြန်ကာလ အတွင်း မြန်မာ့အလင်းသတင်းစာ အလှည့်ကျနားရက်တွင် ဝန်ထမ်းများက ပုံနှိပ်စက်များကြံ့ခိုင်ရေးအတွက် စက်ပိုင်းဆိုင်ရာလုပ်ငန်းများ ပြုပြင်မွမ်းမံပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ကြိုဆို

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများလိုက်ပါ၍ ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်ရိပ်သာ လမ်းသွယ် (၁)ရှိ မြန်မာ့အလင်း သတင်းစာတိုက်သို့ ရောက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်း၊ ညွှန်ကြားရေးမှူး(စီမံ) ဦးစိုးဝင်း၊ မြန်မာ့အလင်း သတင်းစာတိုက် စာတည်းမှူးချုပ် ဦးရဲမြင့်ဖေ၊ မန်နေဂျာ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့အလင်း သတင်းစာတိုက် ပုံနှိပ်စက်ခန်းသို့ သွားရောက်၍ စက်ပိုင်းဆိုင်ရာ Unit အလိုက် ရေလုံးမင်လုံးများ ဖြုတ်ချွတ်ဆေးကြောခြင်း၊ ပြန်လည်ချိန်ညှိ တပ်ဆင်ခြင်း၊ Ink Form Roller နှင့် Water Form များတွင် Roller Ball Bearing အသစ်လဲလှယ်တပ်ဆင်ခြင်း၊ Blanket နှင့် Plate Cylinder များကို စစ်ဆေးချိန်ညှိခြင်း၊ ဆေးကြောသန့်ရှင်းနေခြင်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းနှင့် မြန်မာ့အလင်း သတင်းစာတိုက် စာတည်းမှူးချုပ် ဦးရဲမြင့်ဖေတို့က လိုက်လံရှင်းလင်း ပြသကြသည်။ ဝန်ကြီးက စက်ပိုင်းဆိုင်ရာ ချို့ယွင်းမှုမရှိစေရေးအတွက် စနစ်တကျပြင်ဆင်ရေး၊ လိုအပ်ပါက အမြန်ဆုံးလဲလှယ်နိုင်ရန် စက်အရန်ပစ္စည်းများ အသင့်ထားရှိရေး၊ မင်ကျမင်နကောင်းမွန်ရေး၊ သတင်းစာအရည်အသွေးပိုမိုတိုးတက်သည်ထက်တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ဝန်ထမ်းများအား အားပေးစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်အရန်ပစ္စည်းများ ဝယ်ယူထားရှိမှုနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေလှောင်ကန် တည်ဆောက်ထားရှိမှုတို့ကို လည်းကောင်း၊ လျှပ်စစ်ဝါယာကြိုးများ သွယ်တန်းထားရှိမှု စနစ်တကျရှိ၊ မရှိနှင့် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သည်များကို မှာကြားကာ ညနေပိုင်းတွင် မြန်မာ့အလင်း သတင်းစာတိုက်မှ ပြန်လည်ထွက်ခွာသွားသည်။

စက်ကြံ့ခိုင်မှုဆောင်ရွက်

မဟာသင်္ကြန်ကာလအတွင်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအောက်ရှိ မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာနှင့် The New Light of Myanmar သတင်းစာများကို အလှည့်ကျထုတ်ဝေလျက်ရှိရာ၌ ဧပြီ ၁၂ရက်၊ ၁၃ရက်နှင့် ၁၄ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The New Light of Myanmar သတင်းစာတိုက်တို့သည် တစ်နှစ်တာ ကာလအတွင်း သုံးရက်မျှ ခေတ္တနားခဲ့ရာ နားရက်များအတွင်း ဝန်ထမ်းများက စက်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီးဖြစ်သည်။

အလားတူ ပြည်နယ်နှင့်တိုင်းများရှိ ကိုယ်ပွားသတင်းစာတိုက် ခုနစ်တိုက်တို့မှ ပုံနှိပ်စက်များကိုလည်း အလှည့်ကျအနားပေးပြီး စက်ကြံ့ခိုင်ရေးနှင့်ပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၁၅ရက်၊ ၁၆ရက်နှင့် ၁၇ရက်တို့တွင် မြန်မာ့အလင်းသတင်းစာ ခေတ္တရပ်နားနေစဉ် ကာလအတွင်း ပုံနှိပ်စက်ပိုင်းဆိုင်ရာများကို အလားတူ ပြင်ဆင်မွမ်းမံ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

၁၃၆၅ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် သင်္ကြန် (ဒုတိယ) အကြတ်နေ့ ရေသဘင်ပွဲတော် ပျော်ရွှင်စွာဆင်နွှဲ

ရန်ကုန် ဧပြီ ၁၅

၁၃၆၅ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ယနေ့ မဟာသင်္ကြန် (ဒုတိယ)အကြတ်နေ့တွင် နံနက်ပိုင်းမှ ညနေပိုင်းအထိ အများပြည်သူများ၊ မြန်မာ့ရိုးရာအစဉ်အလာမပျက် မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို ပျော်ရွှင်ကြည်နူးစွာဖြင့် ဆင်နွှဲကြပြီး ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၏ ဖျော်ဖြေရေးအစီအစဉ်များကိုလည်း ဆက်လက်ဖျော်ဖြေတင်ဆက်ကြသည်။

ရန်ကုန်မြို့တော်ဝန် သင်္ကြန်မဏ္ဍပ်၌ ရုပ်ရှင်၊ ဂီတ အနုပညာရှင်များနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမိသားစု ဖျော်ဖြေရေးအဖွဲ့များက အများပြည်သူများအား ခါသင်္ကြန် အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ လာရောက်ကြည့်ရှုအားပေးသူများ၊ ရေသဘင်ပွဲတော်နွှဲ ပျော်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

၁၃၆၅ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ယမန်နေ့ ညပိုင်းတွင် ဖျော်ဖြေရေး အစီအစဉ်များကို တင်ဆက်ရာ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

သီဆိုကပြ

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်သို့ လာရောက်ကြည့်ရှုအားပေးကြသော ပြည်သူများအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မူလတန်းကြိုကျောင်း၊ အလုံမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၄) မူလတန်းကြိုကျောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၂၂) အခြေခံပညာ မူလတန်းကျောင်း၊ စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၊ အခွန်ဌာနနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့မှ ယိမ်းအဖွဲ့များက နံနက်ပိုင်းတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု ခါသင်္ကြန်အဆို၊ အကများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

အမှတ်တရလက်ဆောင်ပေးအပ်

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် စစ်ဆောင်ပနားယဉ်ကျေးမှုအဖွဲ့ဝင်များသည် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၁၁နာရီခွဲတွင် ရောက်ရှိလာရာ ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဧည့်ခန်းမ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ စစ်ဆောင်ပနားယဉ်ကျေးမှုအဖွဲ့ဝင်များက ရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်တို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ပြန်လည်ထွက်ခွာ

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်နှင့် ကော်မတီဝင်များနှင့်အတူ စစ်ဆောင်ပနား ယဉ်ကျေးမှုအဖွဲ့ဝင်များသည်မြန်မာ့ရိုးရာယဉ်ကျေးမှု အတာရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲကြပြီး မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော် အကြတ်နေ့တွင် ရေကစားကြသူများဖြင့် စည်ကားလျက်ရှိ

ရန်ကုန် ဧပြီ ၁၅

မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော် သင်္ကြန်(ပထမ)အကြတ်နေ့ဖြစ်သော ဧပြီ ၁၄ရက်တွင် သင်္ကြန်ချစ်သူ ပြည်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ မင်္ဂလာရေသဘင်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲကြသည့်အပြင် ဗုဒ္ဓဘာသာဝင်ပြည်သူများသည် မိမိတို့ မိဘဆွေမျိုးသက်ကြီးရွယ်အိုနှင့် ဆရာသမားများအား လျှော်ဖွပ်ကန်တော့ခြင်း၊ မိမိတို့မြို့နယ်ရပ်ကွက်အသီးသီးရှိ ဓမ္မာရုံများ၊ ဓမ္မရိပ်သာ၊ ဘုရားကျောင်းကန်များ၌ ဥပုသ် သီတင်းသီလစောင့်ထိန်းကြပြီး ဒါနသီလ တရားဘာဝနာ အားထုတ်ခြင်း၊ ပုတီးစိပ်ခြင်း အစရှိသည့် လောကုတ္တရာ မင်္ဂလာကုသိုလ်ကောင်းမှုများကိုလည်း ပြုလုပ်ကြသည်။

အထူးစည်ကား

ညပိုင်းတွင် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်က အလှပြယာဉ်များကို စိစစ်အကဲဖြတ်လျက်ရှိပြီး မန်းမြို့သင်္ကြန်သည် သင်္ကြန်ချစ်သူများ တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိသည်။

(သတင်းစဉ်)

ဖြူးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဧပြီ ၁၅

ဖြူးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို လှိုင်မြို့နယ် (၅)ရပ်ကွက် ကမာရွတ် ဘူတာရုံလမ်း ယုဇနအိမ်ရာ အပိုင်း (၁) (ကမာရွတ်ဘူတာရုံ အနောက်ဘက်)ရှိ ဓမ္မရက္ခိတ ဖြူးမဟာစည်ကျောင်းတိုက်တွင် ဧပြီ ၁၈ ရက် နံနက် ၉ နာရီမှ ၁၁နာရီခွဲထိ ကျင်းပမည်ဖြစ်ရာ ဖြူးမြို့နယ်သူ၊ မြို့နယ်သားအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

ပရီမီယာလိဂ် ပွဲစဉ်(၃၄)

ထိပ်ဆုံးမှ အာစင်နယ်ကို မမီနိုင်သော်လည်း ဒုတိယနေရာမှချယ်လ်ဆီးကိုမန်ယူကျော်တက်နိုင်

ပရီမီယာလိဂ်ပြိုင်ပွဲက ပြီးရန် နီးကပ်လာပြီဖြစ်သည်။ နောက်ထပ် ငါးပွဲသာကစားရတော့မည်။ ထိပ်ဆုံးမှ ဦးဆောင်ထားသော အာစင်နယ်၏ အနေအထားက တည်ငြိမ်လျက်ရှိနေသည်။ ချန်ပီယံဖြစ်ရန်အလားအလာကောင်း သထက်ကောင်းလာသည်။ သို့သော် ချယ်လ်ဆီးနှင့် မန်ယူ၏အနေအထားက စိတ်ဝင်စားဖွယ်ကောင်းသည်။ နောက်ဆုံးနှစ်ပွဲ၌ ချယ်လ်ဆီးသည် တစ်ပွဲသရေ၊ တစ်ပွဲရှုံးလိုက်သောကြောင့်မန်ယူနှင့်အမှတ်ကွာဟချက် ကျဉ်းမြောင်းသွားသည်။ သုံးမှတ်သာကွာတော့သည်။ မန်ယူသည် လက်ကျန်ပွဲတစ်ပွဲကစားရန် ကျန်သေးသည်။ ထို့ကြောင့် ချယ်လ်ဆီး၊ မန်ယူတို့၏ လက်ကျန်ပွဲများသည် စိတ်ဝင်စားဖွယ်ကောင်းပြီး စောင့်ကြည့်ရမည်ဖြစ်သည်။

ထိုထက်စိတ်ဝင်စားဖွယ်ကောင်းသော အခြေအနေမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရေးအတွက် အပြိုင်ကျဲနေကြသော နယူးကာဆယ်၊ လီဗာပူး၊ ဗီလာ၊ ချာလ်တန်၊ ဘာမင်ဂမ်၏ ပွဲစဉ်များဖြစ်သည်။ ထို့အပြင် အောက်တန်းမဆင်းရရေးအတွက် ကြိုးပမ်းနေကြသော ဘလက်ဘန်း၊ ပို့စ်မောက်၊ လိဒ်စ်၊ လက်စတာတို့၏ ပွဲစဉ်များလည်းဖြစ်သည်။

ထို့ကြောင့် ပရီမီယာလိဂ်တွင် ချန်ပီယံရရှိရေးသည် စိတ်ဝင်စားဖွယ်မကောင်းတော့ဘဲ အာစင်နယ်၊ ချယ်လ်ဆီး၊ မန်ယူတို့သည် ၎င်းတို့၏ပြိုင်ဘက်များကို မည်သို့ မည်ပုံ ကစားသွားကြမည်နည်းဆိုသည်ကို ခန့်မှန်းရသည်မှာ အသက်ရှူမှားစရာကောင်းသည်။

အထက်မရောက်အောက်မရောက် အသင်းများဖြစ်သော မစ်ဒ်ဒယ်ဘရော့၊ ဖူလ်ဟမ်း၊ဆောက်သမ်တန်၊ ဘော်လ်တန်၊ မန်စီးတီး၊ အဲဗာတန်၊ စပါး(စ်)အသင်းများက ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးကို ကြိုးပမ်းနေကြသော အသင်းများကိုလည်းကောင်း၊ တန်းဆင်းဇုန်နားတွင် လုံးလည်လိုက်နေသောအသင်းများကိုလည်းကောင်း မည်သို့ပံ့ပိုးပေးသွားမည်နည်းဆိုသည်ကို စောင့်ကြည့်လေ့လာကြရမည်ဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ်(၃၄)ကို ဧပြီ၁၆၊၁၇နှင့်၁၈ရက်များတွင် ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။

ဧပြီ ၁၆ ရက် သောကြာနေ့
မြန်မာစံတော်ချိန် စနေနေ့နံနက် ၁း၃၀နာရီတွင် ကစားမည်
အာစင်နယ်-လိဒ်(စ်)

အဆင့်(၁)အာစင်နယ်နှင့် အဆင့်(၁၈)လိဒ်စ်တို့ ကစားကြမည်။ ရမှတ်များမှာ အာဆင်နယ်(၇၈)မှတ်၊ လိဒ်စ်(၃၂)မှတ်ဖြစ်သည်။

ချန်ပီယံလိဂ်မှ ပြုတ်လာခဲ့သော အာစင်နယ်သည် ပရီမီယာလိဂ်ကို ပို၍ အာရုံစိုက်လာသည်။ လက်ကျန်ပွဲတစ်ပွဲကစားရန် ကျန်သေးသော်လည်း ဒုတိယ လိုက်နေသောချယ်လ်ဆီးနှင့်ခုနစ်မှတ်၊ တတိယလိုက်သော မန်ယူနှင့် (၁၀)မှတ် ပြတ်နေသည်။ လိဒ်စ် အောက်တန်းမဆင်းရရေးအတွက် ရုန်းကန်နေရသောအသင်းဖြစ်သည်။ ကလပ်၏ ဘဏ္ဍာရေးအခြေအနေနှင့် စုစည်းအားများ ပြန်ကောင်းလာသောကြောင့် ပုံမှန်ခြေသို့ပြန်ရောက်လာနေသည်။ ကစားကွက်၊ ခြေရည်၊ လူအား အာစင်နယ်ကသာသည်။

အာစင်နယ်ကွင်းမှာ ကစားရမည်။ ပထမအကျော့၌ အာစင်နယ်နိုင်မည်ဟုတွက်သည်။ အာစင်နယ် လေး-တစ်ဖြင့်နိုင်သည်။ ယခုပွဲတွင် မထင်မှတ်သောရလဒ်များ ဖြစ်လာနိုင်သည်။ ပေးဂိုး သွင်းဂိုး ကွာဟချက်မှာ အာစင်နယ်(+၄၀)၊ လိဒ်စ်(-၂၉)ဖြစ်သည်။ အာစင်နယ်က ရှေ့ပွဲစဉ်တွင် စပါး(စ်)နှင့် ကစားရမည်။ လိဒ်စ်က ပို့စ်မောက်နှင့် ကစားရမည်။

ဧပြီ ၁၇ ရက် စနေနေ့
မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ကစားမည်။
ပို့စ်မောက်-မန်ယူ

အဆင့်(၁၇) ပို့စ်မောက်နှင့် အဆင့်(၃)မန်ယူတို့ ကစားကြမည်။ ရမှတ်များမှာ မန်ယူ(၆၈)မှတ်၊ ပို့စ်မောက်(၃၄)မှတ်ဖြစ်သည်။

လေးပွဲဆက်တိုက် ရှုံးပွဲမရှိဘဲ ပို့စ်မောက် ကစားထားသည်။ ပွဲပြီးခါနီးမှ ပုံမှန်ခြေစွမ်းပြန်ရလာသည်။ မန်စီးတီးကို ရှုံးပြီးနောက် မန်ယူသည်လေးပွဲဆက်တိုက် ရှုံးပွဲမရှိ ကစားထားသည်။ မန်ယူက လောလောဆယ်၌ ပို့စ်မောက်ထက်ကောင်းသည်။ ပို့စ်မောက်က အောက်မှလိုက်ကစားရမည်။

ပို့စ်မောက်ကွင်းမှာ ကစားရမည်။ ပထမအကျော့၌ မန်ယူနိုင်မည်ဟုတွက်ကြသည်။ ထင်သည့်အတိုင်း သုံးဂိုး ဂိုးမရှိနိုင်သည်။ မန်ယူကစားသမားဟောင်း ရှရင်ဂမ် ဒုက္ခပေးနိုင်သည်။ ဂိုးကွာဟချက်များဖို့မရှိ။ ပေးဂိုးသွင်းဂိုး ကွာဟချက်မှာ ပို့စ်မောက်(-၁၁)၊ မန်ယူ(+၂၈)ဖြစ်သည်။ ပို့စ်မောက်က ရှေ့ပွဲတွင် လိဒ်စ်နှင့် ကစားရမည်။ မန်ယူက လီဗာပူးနှင့် ကစားရမည်။

မြန်မာစံတော်ချိန် စနေနေ့ ည ၈း၃၀ နာရီတွင် ကစားမည့် ပွဲစဉ်များ
ဘလက်ဘန်း-လက်စတာ

အဆင့်(၁၆) ဘလက်ဘန်းနှင့် အဆင့်(၁၉)လက်စတာတို့ ကစားကြမည်။ ရမှတ်များမှာ ဘလက်ဘန်း(၃၄)မှတ်၊ လက်စတာ(၂၈)မှတ်ဖြစ်သည်။

ဘလက်ဘန်းလေးပွဲဆက်တိုက် ရှုံးထားသည်။ ပို့စ်မောက်ကို ရှုံးပြီးကတည်းက ခြေကပြန်၍ကောင်းမလာဘဲ ဖြစ်နေသည်။ လက်စတာကလည်း လိဒ်စ်၊ ဖူလ်ဟမ်း၊ မန်ယူတို့ကို ဆက်တိုက် ရှုံးထားသည်။ ၎င်းပွဲစဉ်မတိုင်မီက ခြေစွမ်းမျိုးမရှိတော့ချေ။ နှစ်သင်းခြေရည်ညီကြသည်။ ဘလက်ဘန်း ခြေရည် အနည်းငယ်သာသည်။ တန်းမဆင်းရရေးအတွက် ရုန်းကြမည့် အသင်းများဖြစ်သည်။

ဘလက်ဘန်းကွင်းမှာကစားရမည်။ ပထမအကျော့၌ သရေကျမည်ဟု မှန်းကြသည်။ သို့သော်လက်စတာကနှစ်ဂိုး ဂိုးမရှိဖြင့်နိုင်သည်။ နှစ်သင်းလုံးနိုင်ဖို့ အခွင့်အရေးရှိသည်။ ပေးဂိုးသွင်းဂိုးကွာဟချက်မှာ ဘလက်ဘန်း(-၁၀)၊လက်စတာ(-၁၆)ဖြစ်သည်။ ရှေ့ပွဲတွင် ဘလက်ဘန်းက အဲဗာတန်နှင့် ကစားရမည်။ လက်စတာက မန်စီးတီးနှင့်ကစားရမည်။

ဘော်လ်တန်-စပါး(စ်)

အဆင့်(၁၂)ဘော်လ်တန်နှင့် အဆင့်(၁၅) စပါး(စ်)တို့ ကစားကြမည်။ ရမှတ်များမှာ ဘော်လ်တန်(၄၁)မှတ်၊ စပါး(စ်)(၃၈)မှတ်ဖြစ်သည်။ ဘော်တန်ခြေပျက်နေသည်မှာကြာပြီ။ ကောင်းလိုက်၊မကောင်းလိုက်ဖြစ်နေသည်။ နောက်ဆုံးနှစ်ပွဲတွင်ဗီလာကိုသရေနှင့်ဝုလ်ဖ်ကို အနိုင်ကစားထားသည်။ လေးပွဲဆက်တိုက်ရှုံးနေသည့် စပါး(စ်)နောက်ဆုံးပွဲတွင် သရေရခဲ့သည်။ နှစ်သင်းခြေရည်မတိမ်းမယိမ်းရှိကြသည်။ အထက်မရောက်၊အောက်မရောက်အသင်းများဖြစ်ကြသည်။

အားကစားသတင်းထောက်တစ်ဦး

ဘော်လ်တန်ကွင်းမှာကစားရမည်။ ပထမအကျော့၌ စပါး(စ်)နိုင်မည်ဟုတွက်သည်။ သို့သော် ဘော်လ်တန်က တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်သည်။ ယခုပွဲသရေလောက်ကစားသွားနိုင်သည်။ အိမ်ရှင်ဖြစ်၍ ဘော်လ်တန်နည်းနည်း အခွင့်သာသည်။ ပေးဂိုးသွင်းဂိုးကွာဟချက်မှာဘော်လ်တန်(-၃)၊ စပါး(စ်)(-၆)ဖြစ်သည်။ ရှေ့ပွဲတွင် ဘော်လ်တန်က ဆောက်သမ်တန်နှင့်ကစားရမည်။ စပါး(စ်)က အာစင်နယ်နှင့်ကစားရမည်။

ချာလ်တန်-ဘာမင်ဂမ်

အဆင့်(၇)ချာလ်တန်နှင့် အဆင့်(၈)ဘာမင်ဂမ်တို့ကစားကြမည်။ ရမှတ်များမှာ ချာလ်တန်(၄၇)၊ဘာမင်ဂမ်(၄၆)မှတ်ဖြစ်သည်။

နောက်ဆုံးနှစ်ပွဲတွင် ချာလ်တန်ခြေရည်ပြန်ကောင်းလာသည်။ နယူးကာဆယ်၊ ဗီလာတို့ကိုရှုံးသောပွဲမှာ ရုပ်ပျက်ဖွယ်ကောင်းသည်။ ဘာမင်ဂမ်လည်း ယခုနောက်ပိုင်း၌ ခြေရည်မငြိမ်ဘဲဖြစ်နေသည်။ နောက်ဆုံးခြောက်ပွဲတွင် တစ်ပွဲနိုင်၊တစ်ပွဲသရေရခဲ့သည်။ နှစ်သင်းစလုံး ခြေအဆင့်ရှိကြသည်။ ခြေရည်လည်းညီကြသည်။

ချာလ်တန်ကွင်းမှာကစားကြမည်။ ပထမအကျော့၌ သရေသို့မဟုတ် ဘာမင်ဂမ်နိုင်မည်ဟုတွက်ကြသည်။ ချာလ်တန်က နှစ်-တစ်ဖြင့်နိုင်သည်။ ယခုပွဲတွင် အိမ်ရှင်ဖြစ်သည့်ချာလ်တန် သရေသို့မဟုတ် ကပ်နိုင်ချေရှိသည်။ ပေးဂိုး၊သွင်းဂိုးကွာဟချက်မှာချာလ်တန်(+၃)၊ ဘာမင်ဂမ်(-၂)ဖြစ်သည်။ ချာလ်တန်ကရှေ့ပွဲတွင် ဖူလ်ဟမ်းနှင့်ကစားရမည်။ ဘာမင်ဂမ်က ဝုလ်ဖ်နှင့်ကစားရမည်။

ချယ်လ်ဆီး-အဲဗာတန်

အဆင့်(၂)ချယ်လ်ဆီးနှင့်အဆင့်(၁၄)အဲဗာတန်ကစားကြမည်။ ရမှတ်များမှာ ချယ်လ်ဆီး (၇၁)မှတ်၊ အဲဗာတန်(၃၈)မှတ် ဖြစ်သည်။

နောက်ဆုံးနှစ်ပွဲ၌ ချယ်လ်ဆီးသည် ဘိုရိုကို သရေကျပြီး ဗီလာကိုရှုံးခဲ့သည်။ ၎င်းအချက်က မန်ယူကိုကျော်တက်သွားဖို့ ဖိတ်ခေါ်လိုက်သည်နှင့်တူသည်။ အဲဗာတန်က အဆင့်နိမ့်သော်လည်း ပုံမှန်ခြေကစားထားနိုင်သည်။ ပွဲစဉ်(၇)မှာ နယူးကာဆယ်ကိုသာ ရှုံးခဲ့သည်။ ခြေရည်ကွာသော်လည်း အဲဗာတန်မှာလိုက်ကစားနိုင်သော ခြေရည်ရှိသည်။

ချယ်လ်ဆီးကွင်းမှာကစားရမည်။ ပထမအကျော့၌ သရေနှင့်အနိုင် ချယ်လ်ဆီးရမည်ဟု တွက်ကြသည်။ ချယ်လ်ဆီး တစ်ဂိုးဖြင့် ကပ်ကစားသွားသည်။ ယခုပွဲတွင် ချယ်လ်ဆီး အနိုင်ရအောင်ကစားရမည်။ ရှေ့ပွဲတွင် ချယ်လ်ဆီးက နယူးကာဆယ်နှင့် ကစားရမည်။ အဲဗာတန်က ဘလက်ဘန်းနှင့် ကစားရမည်။ ပေးဂိုး၊ သွင်းဂိုးကွာဟချက်မှာ ချယ်လ်ဆီး (+၃၃)၊ အဲဗာတန်(-၅) ဖြစ်သည်။

လီဗာပူး-ဖူလ်ဟမ်း

အဆင့်(၅)လီဗာပူးနှင့် အဆင့်(၁၀) ဖူလ်ဟမ်းတို့ ကစားကြမည်။ ရမှတ်များမှာ လီဗာပူး (၄၉)မှတ်၊ ဖူလ်ဟမ်း (၄၄)မှတ်ဖြစ်သည်။

အာစင်နယ်၊ ချာလ်တန်တို့ကို လီဗာပူးဆက်တိုက်ရှုံးသည်။ ဖူလ်ဟမ်းကလည်း ဘလက်ဘန်းကိုရှုံးသည်။ လီဗာပူး၏ ရှုံးချက်က ရှုံးထိုက်သော်လည်း ဖူလ်ဟမ်း၏ ရှုံးချက်နာဖို့ကောင်းသည်။ နှစ်သင်းစလုံးက ခြေအဆင့်ရှိကြသည်။ ခြေရည်အရကြည့်လျှင်လည်း မတိမ်းမယိမ်းပဲရှိကြသည်။

လီဗာပူးကွင်းမှာကစားရမည်။ ပထမအကျော့၌ မန်ယူကိုနိုင်ခဲ့သော ဖူလ်ဟမ်းအား အနိုင်ပေးထားကြသည်။ သို့သော် လီဗာပူးက နှစ်-တစ်ဖြင့်နိုင်သည်။ ယခုပွဲ သရေလောက်ဖြစ်သွားနိုင်သည်။ ရှေ့ပွဲတွင် လီဗာပူးက မန်ယူနှင့်ကစားရမည်။ ဖူလ်ဟမ်းကချာလ်တန်နှင့်ကစားရမည်။ အကယ်၍ အနိုင်ဖြစ်ခဲ့လျှင် ပွတ်ကာသီကာဖြစ်နိုင်သည်။ ပေးဂိုးသွင်းဂိုး ကွာဟချက်မှာ လီဗာပူး(+၁၂)၊ ဖူလ်ဟမ်း(+၃)ဖြစ်သည်။

မန်စီးတီး-စိန့်

အဆင့်(၁၃)မန်စီးတီးနှင့် အဆင့်(၁၁)စိန့်တို့ကစားကြမည်။ ရမှတ်များမှာ မန်စီးတီး(၃၈)မှတ်၊ စိန့်(၄၂)မှတ်ဖြစ်သည်။

မန်စီးတီးတောက်လျှောက်လေးပွဲ သရေကစားခဲ့သည်။ စိန့်ကလည်း သုံးပွဲဆက်တိုက် အနိုင်ကစားထားသည်။ နှစ်သင်းခြေရည်ညီကြသည်။ မန်စီးတီးက ကစားလျှင် ကစားသလောက်ကောင်းသော အသင်းဖြစ်သည်။ စိန့်က အသင်းကြီးများနှင့်တွေ့လျှင် ခံကန်တတ်သည်။ အနိုင်အရှုံး အဖြေပေါ်အောင်ကစားလျှင်ကြည့်ကောင်းမည့်ပွဲဖြစ်သည်။

မန်စီးတီးကွင်းမှာကစားရမည်။ ပထမအကျော့၌ သရေနှင့်အနိုင် မန်စီးတီးရမည်ဟု တွက်ကြသည်။ ထင်သည့်အတိုင်း မန်စီးတီး နှစ်ဂိုး ဂိုးမရှိဖြင့်နိုင်သည်။ မန်စီးတီးမှာ အိမ်ရှင်အခွင့်အရေးရှိသည်။ ရှေ့ပွဲတွင် မန်စီးတီးက လက်စတာနှင့်ကစားရမည်။ စိန့်က ဘော်လတန်နှင့်ကစားရမည်။ ပေးဂိုး၊ သွင်းဂိုးကွာဟချက်မှာ မန်စီးတီး(-၁)၊ စိန့်(+၃)ဖြစ်သည်။ စိန့် လက်ကျန်တစ်ပွဲ ကစားရန်ကျန်သေးသည်ကိုလည်း ထည့်တွက်ရမည်။

ဝုလ်ဖ်ဗာဟမ်တန်-မစ်ဒယ်ဘရော့

အဆင့်(၂၀)ဝုလ်ဖ်နှင့်အဆင့်(၉)ဘိုရိုတို့ကစားကြမည်၊ ရမှတ်များမှာ ဝုလ်ဖ်(၂၅)မှတ်၊ ဘိုရို(၄၅)မှတ်ဖြစ်သည်။

ကစားခဲ့သော ခြောက်ပွဲတွင် ဝုလ်(ဖ်)တစ်ပွဲသာသရေရပြီးကျန်ပွဲများရှုံးသည်။ မစ်ဒယ်ဘရော့ကငါးပွဲတွင် တစ်ပွဲမှ ရှုံးပွဲမရှိသေးဘဲကစားထားသည်။ နောက်ပိုင်းကစားသော ပွဲစဉ်များတွင် ဘိုရိုကစားပုံကောင်းသည်။ ပွဲကိုလည်း ထိန်းကစားနိုင်သည်။ ဝုလ်ဖ်မှာ တဖြည်းဖြည်းခြေရည် ပျောက်လာသည်။ နှစ်သင်းခြေကွာသည်။ ဘိုရိုက များစွာကောင်းသည်။

ဝုလ်ဖ်ကွင်းမှာကစားရမည်။ ပထမအကျော့၌ သရေနှင့် အနိုင်ဘိုရိုရနိုင်သည်ဟု တွက်ကြသည်။ တွက်သည့်အတိုင်း ဘိုရိုနှစ်ဂိုး ဂိုးမရှိနိုင်သည်။ အိမ်ရှင်သရေလောက် အထိ ခံကစားနိုင်သည်။ ရှေ့ပွဲတွင် ဝုလ်ဖ်ကဘာမင်ဂမ်နှင့် ကစားရမည်။ဘိုရိုက ဗီလာနှင့်ကစားရမည်။ ပေးဂိုးသွင်းဂိုးကွာဟချက်မှာ ဝုလ်(ဖ်)(-၄၀)၊ ဘိုရိုမှာကွာဟချက်မရှိ။

ဧပြီ ၁၈ ရက် တနင်္ဂနွေနေ့
မြန်မာစံတော်ချိန် ည ၇း၃၀ နာရီကစားမည်
အက်စတွန်ဗီလာ-နယူးကာဆယ်

အဆင့်(၆)ဗီလာနှင့်အဆင့်(၄) နယူးကာဆယ်တို့ကစားကြမည်။ ရမှတ်များမှာ ဗီလာ(၄၈)မှတ်၊ နယူးကာဆယ် (၄၉)မှတ်ဖြစ်သည်။

ကစားပြီးသော လေးပွဲတွင် ဗီလာက နှစ်ပွဲနိုင်၊ နှစ်ပွဲ သရေရထားသည်။ နယူးကာဆယ်က ကောင်းလိုက် မကောင်းလိုက်ဖြစ်နေသည်။ နောက်ဆုံးကစားခဲ့သော အာစင်နယ်ပွဲတွင် နယူးကာဆယ်ကစားပုံကောင်းသည်။ ဗီလာကလည်း တဖြည်းဖြည်း ခြေမှန်ရလာသည့်အတွက် နယူးကာဆယ်ကို ယှဉ်ကစားနိုင်သည့် အနေအထားတွင်ရှိသည်။ ခြေအရကြည့်လျှင် နယူးကာဆယ်အနည်းငယ်သာသည်။

ဗီလာကွင်းမှာ ကစားရမည်။ ပထမအကျော့၌ နယူးကာဆယ်နိုင်မည်ဟုတွက်ကြသည်။ သို့သော် တစ်ဂိုးစီသရေကျသည်။ နယူးကာဆယ်ယခုပွဲ၌ အနိုင်ရနိုင်သည်။ ဗီလာ သရေပဲမျှော်နိုင်သည်။ ရှေ့ပွဲတွင် ဗီလာက မစ်ဒယ်ဘရော့နှင့်ကစားရမည်။ နယူးကာဆယ်က ချယ်လ်ဆီးနှင့်ကစားရမည်။ ပေးဂိုးသွင်းဂိုးကွာဟချက်မှာ ဗီလာ (+၄)၊ နယူးကာဆယ်(၁၂)ဖြစ်သည်။

ဦးကြည်ညွှန့်(ချစ်ကြည်ရေးကြည်ညွှန့်)၏ ကိုယ်ရေးအကျဉ်း

ဦးကြည်ညွှန့် (ချစ်ကြည်ရေးကြည်ညွှန့်)ကို အဖဦးဖိုးထွား (အငြိမ်းစားရဲမှူး- ကွယ်လွန်)နှင့် အမိဒေါ်ခင်ပု(ကွယ်လွန်) တို့မှ ၁၉၃၃ ခုနှစ်၊ ဇူလိုင် ၄ ရက်တွင် ယခုရန်ကုန်တိုင်း ဥက္ကံမြို့၌ မွေးဖွားခဲ့သည်။

ငယ်စဉ်တွင် ပဲခူးတိုင်း ကြို့ပင်ကောက်မြို့ အမျိုးသား အထက်တန်းကျောင်း၊ ဧရာဝတီတိုင်း ဟင်္သာတမြို့ အစိုးရ အထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။

၁၉၅၄ ခုနှစ်တွင် ဟင်္သာတမြို့မှ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်တွင် ပြောင်းရွှေ့နေထိုင်သည်။ ၁၉၅၅ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာတိုက်၌ လခစားသတင်းထောက် (Staff Reporter) အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်)နှင့် မြန်မာနိုင်ငံ သတင်းစာဆရာအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော သတင်းစာပညာ အတတ်သင်ကျောင်းသို့ တက်ရောက်သင်ကြားခဲ့ရာ သတင်းစာပညာ ဒီပလိုမာကို ထူးချွန်အဆင့်ဖြင့် ရရှိအောင်မြင်ခဲ့သည်။

ဦးကြည်ညွှန့်သည်အထွေထွေသတင်းထောက်၊ အားကစားသတင်းထောက်၊ မှုခင်းသတင်းထောက်၊ တရားရုံးသတင်းထောက်၊ ရုပ်ရှင်သတင်းထောက်၊ စီးပွားရေးသတင်းထောက်နှင့် နိုင်ငံရေးသတင်းထောက်အဖြစ် တာဝန်အသီးသီး ထမ်းဆောင်ခဲ့ရသည်။

၁၉၆၂ခုနှစ်တွင် သတင်းအယ်ဒီတာ တာဝန်နှင့် အယ်ဒီတာ့အာဘော်ခေါင်းကြီးပိုင်းရေး အယ်ဒီတာ တာဝန်ကို ပူးတွဲထမ်းဆောင်ခဲ့ရသည်။

၁၉၈၀ပြည့်နှစ်တွင် မြန်မာ့အလင်း သတင်းစာတိုက်၌ ဒုတိယအယ်ဒီတာချုပ်ရာထူးသို့ တိုးမြှင့်ခန့်အပ်ခံရသည်။ ၁၉၈၈ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်၌ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ(မြန်မာ)နှင့် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ (အင်္ဂလိပ်)တို့ကို ထုတ်ဝေရာ ဦးကြည်ညွှန့်အား မြန်မာ့အလင်းသတင်းစာတိုက်မှ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ (မြန်မာ)သို့ပြောင်းရွှေ့တာဝန် ထမ်းဆောင်စေခဲ့သည်။

၁၉၉၃ ခုနှစ်တွင် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ (မြန်မာ)ကို မြန်မာ့အလင်းသတင်းစာအဖြစ် ပြောင်းလဲထုတ်ဝေရာ ဦးကြည်ညွှန့်အား အယ်ဒီတာချုပ်ရာထူးသို့ တိုးမြှင့်ခန့်အပ်တာဝန်ပေးခဲ့သည်။

ဦးကြည်ညွှန့်သည် ၂၀၀၀ပြည့်နှစ်ကုန်အထိ အယ်ဒီတာချုပ်တာဝန်ကိုထမ်းဆောင်ခဲ့ပြီးနောက် ၂၀၀၁ခုနှစ် ဇန်နဝါရီ ၁ရက်၌ အယ်ဒီတာချုပ်တာဝန်မှ အနားယူခဲ့ပြီး အကြံပေးအရာရှိအဖြစ်နှင့် ရွှေမောင်းသံဂျာနယ် အယ်ဒီတာချုပ်တာဝန်ကို ၂၀၀၂ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။

ဦးကြည်ညွှန့်သည် ၁၉၅၅ခုနှစ်မှ ၁၉၉၅ခုနှစ်အထိ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး၊ ယဉ်ကျေးမှုရေးရာ ဆောင်းပါးများ၊ ခရီးသွားစာပေဆောင်းပါးများအပါအဝင် သုတ၊ရသဆောင်းပါးပုဒ်ရေ တစ်ထောင်ကျော်ရေးသားခဲ့ပြီး လုံးချင်းစာအုပ် ၁၅အုပ်ရေးသားပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်သည်။

ဦးကြည်ညွှန့်သည် ၁၉၆၂ခုနှစ်မှ ၁၉၆၆ခုနှစ်အထိ မြန်မာပြည်သတင်းထောက်များအသင်းတွင် အတွင်းရေးမှူးတာဝန်နှင့် မြန်မာနိုင်ငံသတင်းစာဆရာများအသင်းတွင် အလုပ်အမှုဆောင် ကော်မတီဝင်တာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။

ယခုအချိန်ထိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၌ ဗဟိုအမှုဆောင်ကော်မတီဝင် တာဝန်ကို ထမ်းဆောင်ခဲ့သည်။

ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်ခင်နု၊ သားသမီး သုံးယောက်နှင့် မြေးသုံးယောက်ကျန်ရစ်သည်။

ပဲခူးတိုင်း ဒေသအတွင်း လမ်းမကြီးများ၊ တံတားကြီးများ တိုးပွားဖြစ်ထွန်းလာ ဆည်ရေပြင်များမှာ ပဲခူးတိုင်း တစ်ခွင်လုံး၌ တစ်ဆက်တစ်စပ်တည်း ဖြစ်လုနီးပါးရှိနေ နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးထားသော ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းကောင်းများကို ဒေသခံပြည်သူများ ပြည့်ပြည့်ဝဝ အသုံးချထုတ်လုပ်နိုင်စေရန် စနစ်တကျစီမံဆောင်ရွက်ပေး

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်မြို့ မော်ဇာ၌ ရှေးဟောင်း သုတေသနဦးစီးဌာန ကွင်းဆင်းနည်းပညာသင်တန်းကျောင်း တည်ဆောက်ရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဧပြီ ၁၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဧပြီ ၁၂ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) ပြည်မြို့၌ကျင်းပသည့် ရှေးဟောင်းသမိုင်းဝင် ရတနာထီးဖြူစေတီတော် ရွှေထီးတော်တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုလိုက်ပါလျက် ဧပြီ ၁၂ရက် နံနက် ၁၁နာရီခွဲတွင် ပြည်တက္ကသိုလ်သို့ ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဦးမြဝင်းနှင့် ပါမောက္ခ/ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်တက္ကသိုလ်ခန်းမ၌ ခင်းကျင်းပြသထားသော သရေခေတ္တရာ ပြည်မြို့၏ ခေတ်ဟောင်းပုံရိပ်များ၊ သရေခေတ္တရာ ပျူတို့၏ ယဉ်ကျေးမှု မှတ်တမ်းဓာတ်ပုံများ၊ အသုံးအဆောင်ပစ္စည်းများ၊ အုတ်များနှင့် သရေခေတ္တရာယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာ စာအုပ်စာတမ်းများကို ကြည့်ရှုသည်။

ယင်းနောက် တက္ကသိုလ်ခန်းမ၌ ပါမောက္ခချုပ် ဦးမြဝင်းက ပြည်တက္ကသိုလ်၏ နောက်ခံသမိုင်း၊ ဖွင့်လှစ်ထားသော သင်တန်းများ၊ သင်ကြားပို့ချလျက်ရှိသော အထူးပြုဘာသာရပ်များ၊ ကျောင်းသားဦးရေ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၏ သင်တန်းများ၊ ကွန်ပျူတာ ၁၂၅လုံး အသုံးပြုသင်ကြားလျက်ရှိသော IT ခန်းများ၊ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်ထားပြီးအင်အားအပါအဝင် သင်ကြားစီမံ ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်တက္ကသိုလ်မှ ဆရာမများက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား သကြ်န်အကြိုရေပက်ဖျန်း၍ ဂါရဝပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(ပြည်မြို့)သို့ ရောက်ရှိကြရာ ကျောင်းအုပ်ဦးစန်းငွေနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ကောလိပ်ခန်းမ၌ ကျောင်းအုပ်ဦးစန်းငွေက အစိုးရနည်းပညာကောလိပ် (ပြည်မြို့)၏ နောက်ခံသမိုင်း၊ သင်ကြားလေ့ကျင့်ပေးလျက်ရှိသော အင်ဂျင်နီယာ သင်တန်းများ၊ ကျောင်းသား၊ ကျောင်းသူအင်အား၊ ညနေပိုင်း အခြေခံကျွမ်းကျင်မှု သင်တန်းများတွင် သင်ကြားလေ့ကျင့်ပေးလျက်ရှိသော အင်ဂျင်နီယာသင်တန်းများ အပါအဝင် သင်ကြားစီမံကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်မြို့ ခေတ္တရာရတနာခန်းမ၌ ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းက ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)၏ တည်နေရာ၊ အကျယ်အဝန်း၊ အိမ်ထောင်စုနှင့် လူဦးရေ၊ရာသီဥတုအခြေအနေ၊ မြေအသုံးချမှု၊ မိုးစပါး၊နွေစပါး စိုက်ပျိုးနိုင်မှု၊ စိုက်ဧကတိုးချဲ့ရန် ဆောင်ရွက်နေမှု၊ အဓိကသီးနှံ ၁၀မျိုးစိုက်ပျိုးထားမှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်မြို့နယ်၊ပန်းတောင်းမြို့နယ်၊ ပေါက်ခေါင်းမြို့နယ်၊ ရွှေတောင်မြို့နယ်၊ ပေါင်းတည်မြို့နယ်၊သဲကုန်းမြို့နယ်၊လက်ပံတန်းမြို့နယ်၊ အုတ်ဖိုမြို့နယ်နှင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အစိုးရနည်းပညာကောလိပ် (ပြည်မြို့)၌ သင်ကြားစီမံကိစ္စများကို တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

မိုးညိုမြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့မြို့နယ်များအလိုက် ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများ လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြို့နယ်အလိုက် တင်ပြသည့် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းကဏ္ဍအလိုက် တာဝန်ရှိသူများကို မေးမြန်းစိစစ်ပြီး အမှန်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)ပြည်မြို့သို့ တိုင်းခွဲဒေသအတွင်း မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် မိမိနှင့်အဖွဲ့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တိုင်းခွဲအတွင်းရှိ မြို့နယ်အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ တင်ပြချက်များအရ ပေးသင့်ပေးထိုက်သော ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို စိစစ်ဖြည့်ဆည်း စီမံဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်၊ တိုင်း၊ တိုင်းခွဲ၊ ခရိုင်နှင့် မြို့နယ်များ မြို့ပြအင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေး၊ စာသင်ကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ၊ ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများကို ဒေသဖွံ့ဖြိုးမှု လိုအပ်ချက်များနှင့် တစ်ပြေးညီ အဆင့်မြှင့်တင်ပေးရေးတို့ကို စနစ်တကျစီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

သို့ဖြစ်၍ ယနေ့ ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)အတွင်း ပညာရေး၊ ကျန်းမာရေး၊ဖွံ့ဖြိုးရေးအဆင့်မြှင့်တင်ပေးမှုများသည် နိုင်ငံတော်အစိုးရက ရည်ရွယ်ရင်းရှိသည်နှင့်အညီ ဆောင်ရွက်ပေးသင့်ပေးထိုက်၍ ဆောင်ရွက်ပေးခြင်းဖြစ်သည် ဆိုသည်ကို တာဝန်ရှိသူအသီးသီးက ခံယူထားကြဖို့လိုကြောင်း။

စေတနာနှင့်ဝီရိယပေါင်းစပ်

ယင်းခံယူချက်နှင့်အညီ တိုင်းခွဲ၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများအားလုံးက နိုင်ငံတော်အစိုးရ၏ ပံ့ပိုးဖြည့်ဆည်းပေးမှုများကို မိမိတို့ဒေသအတွင်း လက်တွေ့အကောင်အထည်ပေါ် အကျိုးဖြစ်ထွန်းစေရအောင် စေတနာနှင့် ဝီရိယအား ပေါင်းစပ်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပဲခူးတိုင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသော ပြည်နယ်နှင့်တိုင်း

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

ဝါးခယ်မမြို့ ရွှေသံလွင်ပရိယတ္တိကျောင်းတိုက် အဆောက်အအုံရေစက်ချ လှူဒါန်းပွဲ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဧပြီ ၁၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၁၁ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၇နာရီ ၁၅မိနစ်တွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာအနီးသို့ ရောက်ရှိကြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီ တိုင်း ဝါးခယ်မမြို့သို့ ရောက်ရှိကြရာ မြောင်းမြခရိုင်နှင့် မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှု ရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူ များက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် ဝါးခယ်မမြို့ သကျမဟာသီရိ မြတ်စွာဘုရားအားပူဇော်ကန်တော့ကြ ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က သကျမဟာသီရိမြတ်စွာ ဘုရားအတွက် အလှူငွေများကို ပေးအပ် လှူဒါန်းသည်။

ထို့နောက် ဧရာဝတီတိုင်း ဝါးခယ်မ မြို့ ရွှေသံလွင်ပရိယတ္တိကျောင်းတိုက်

ဧရာဝတီတိုင်း ဝါးခယ်မမြို့၌ ရွှေသံလွင် ကုမ္ပဏီမိသားစုက ဆောက်လုပ်လှူဒါန်းသည့်ရွှေသံလွင် ပရိယတ္တိကျောင်းတိုက် အဆောက် အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

အဆောက်အအုံရေစက်ချ လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို နံနက် ၁၀နာရီ တွင် အဆိုပါ ကျောင်းတိုက်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ လှူဖွယ်ပစ္စည်း များကို ဆက်ကပ်လှူဒါန်းသည်။

ရေစက်ချ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ဝါးခယ်မမြို့ သာသနပဟိတကာရီ ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ စန္ဒောဘာသအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြ ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဧရာဝတီတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့– အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ် များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဘာသာရေးအသင်း အဖွဲ့များ၊ ဝါးခယ်မမြို့နယ် အသင်း ဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ဂေါပက အဖွဲ့ဝင်များ၊အလှူရှင်ရွှေသံလွင်ကုမ္ပဏီ မိသားစုများ၊တပည့်ဒါယကာ၊ဒါယိကာမ များ၊ အထူးဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြ သည်။

ရှေးဦးစွာ ရေစက်ချမင်္ဂလာအခမ်း အနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ကိုးပါးသီလခံယူ

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ သာသနပဟိတကာရီ ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒောဘာသထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာ တော် အရှင်သူမြတ်တို့က ပရိတ်တရား တော်များကို ရွတ်ပွားချီးမြှင့် တော်မူကြ သည်။

ဆက်လက်၍ ဝါးခယ်မမြို့နယ် အသင်း ဒုတိယဥက္ကဋ္ဌ ဦးစောကြိုင်က ရွှေသံလွင် ပရိယတ္တိစာသင်တိုက် ဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက် ၍ ရှင်းလင်းလျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များနှင့် အလှူရှင်များက ဆရာတော် သံဃာ တော်အရှင်သူမြတ်တို့အား လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြ သည်။

ယင်းနောက် ကျောင်းဒါယကာ ဒါယိကာမများဖြစ်ကြသော လူမှုထူးချွန် (ပထမဆင့်)သီဟသုဓမ္မမဏိဇောတရေ သီရိသုဓမ္မမဏိဇောတရေ ဦးသိန်းဝင်း၊ ဇနီးသီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်နီ(ရွှေသံလွင် ကုမ္ပဏီ) မိသားစုက ရွှေသံလွင်ပရိယတ္တိ စာသင်တိုက်နှင့်ပတ်သက်သော စာရွက် စာတမ်းများကို ကျောင်းတိုက် ဆရာ တော်မဟာဂန္ထဝါစကပဏ္ဍိတ အစိုးရ ဓမ္မာစရိယဘဒ္ဒန္တ ကုသလ MA-(Buddhism) အား ဆက်ကပ်လှူဒါန်းသည်။

ငွေပဒေသာပင်

ဆက်လက်၍ ရွှေသံလွင်ပရိယတ္တိ စာသင်တိုက် ငွေပဒေသာပင်အတွက် ရွှေသံလွင် ကုမ္ပဏီမိသားစုက ငွေကျပ် သိန်း ၅၀၊ ဦးမျိုးသန့်၊ ဒေါက်တာ နန်းဦးခိုင်တို့က ငွေကျပ် ၁၀သိန်း၊ ဝါးခယ်မမြို့နယ်အသင်း ဖွံ့ဖြိုးရေး ရန်ပုံငွေမှ ငွေကျပ် ၁၀သိန်းနှင့် ဦးအောင် မင်းနှင့် ဇနီး ဒေါက်တာမေသန့်ဇင် တို့က ငွေကျပ်၂၅၀၀၀၀တို့ကို ပေးအပ် လှူဒါန်းကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းတို့က လက်ခံကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် ကျွန်းကုန်းကျောင်း တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဏာဝံသက ရေစက်ချတရား ချီးမြှင့်ပြီး နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ နှင့်အလှူရှင်များက လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချအမျှပေးဝေကြ သည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧရာဝတီတိုင်း ဝါးခယ်မမြို့ ရွှေသံလွင် ပရိယတ္တိ ကျောင်းတိုက် အဆောက်အအုံ ရေစက်ချ လှူဒါန်းပွဲ မင်္ဂလာအခမ်း အနားတွင် ဆရာတော် သံဃာ တော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအောင်မြင်ခြင်း အထိမ်း အမှတ်အဖြစ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

ရွှေသံလွင် ကုမ္ပဏီ မိသားစုက ရွှေသံလွင် ပရိယတ္တိကျောင်းတိုက် အဆောက်အအုံကို ငွေကျပ်သိန်း ၆၉၀ အကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ သည်။

(သတင်းစဉ်)

❍ စာမျက်နှာ ၁၅မှ

ဒေသများနည်းတူ အရှိန်အဟုန်ဖြင့် စီမံပံ့ပိုးဆောင်ရွက်ပေးလျက် ရှိနေ ကြောင်း။

သို့ဖြစ်၍ ယခုအခါတွင် ပဲခူးတိုင်းဒေသအတွင်း လမ်းမကြီးများ၊ တံတားကြီး များတိုးပွားဖြစ်ထွန်းလာပြီး လမ်းပန်းဆက်သွယ်ရေး များစွာတိုးတက်ကောင်းမွန် လာပြီဖြစ်သကဲ့သို့ ဆည်မြောင်းတာတမံကြီးများမှာလည်း ပဲခူးတိုင်းအတွင်းရှိ မြို့နယ်တိုင်း၌ ဖြန့်ကြက်တိုးပွားပေါ်ထွန်းလာနေသည့်အလျောက် ဝေဟင်မှ ကြည့်လျှင်ဆည်ရေပြင်များမှာ ပဲခူးတိုင်းတစ်ခွင်လုံး၌ တစ်ဆက်တစ်စပ်တည်း ဖြစ်လုနီးပါးရှိနေပြီဖြစ်သည်ကို တွေ့ရကြောင်း။

လက်ယှက်ထိုးတည်ဆောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးအခြေခံသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အပြင် နိုင်ငံတော်လူဦးရေ၏ ၇၀ရာခိုင်နှုန်းကျော်ရှိသော ကျေးလက်နေ ပြည်သူများမှာလည်း စိုက်ပျိုးရေးကို အခြေပြုလျက် အသက်မွေးဝမ်းကျောင်း နေကြသည်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေး ကဏ္ဍအခြေခံ အဆောက်အအုံများဖြစ်သည့်ဆည်မြောင်း၊ တာတမံကြီးများကို တစ်နိုင်ငံလုံး၌ ငွေကြေးအကုန်အကျခံ လက်ယှက်ထိုးဖြန့်ကြက် တည်ဆောက်ပေးနေခြင်း ဖြစ်ကြောင်း။

အားသွန်ကြိုးပမ်း

ဤကဲ့သို့ တိုးတက်ဖြစ်ထွန်းနေသော အခြေခံအဆောက်အအုံများနှင့် လိုက်လျောညီထွေစွာ လယ်ယာကဏ္ဍတိုးတက်ဖြစ်ထွန်းရေးအတွက် ဆက်လက် ဆောင်ရွက်ဖွယ်များ များစွာရှိနေသေးရာ တိုင်း၊ တိုင်းခွဲ၊ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြဖို့လို ကြောင်း။

ဆည်ရေများထိရောက်ကျယ်ပြန့်စွာ ဖြန့်ဝေပေးနိုင်ရေးအတွက် ရေသွယ် မြောင်း လက်တံများ စနစ်တကျ တိုးချဲ့တည်ဆောက်ပေးကြရမှာဖြစ်သကဲ့သို့ တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်အသုံးပြုနိုင်ရေး၊ ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များမှန်ကန်စွာအသုံးချနိုင်ရေးတို့အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများက စည်းရုံးဦးဆောင်သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးထားသော ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများ၊ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းကောင်းများကို ဒေသခံ ပြည်သူများပြည့်ပြည့်ဝဝ အသုံးချထုတ်လုပ်နိုင်စေရအောင် စနစ်တကျ စီမံ ဆောင်ရွက်ပေးကြရန်မှာကြားလိုကြောင်း။

မပြတ်သွားရောက်လေ့လာ

ပညာရေးနှင့် စပ်လျဉ်း၍ ကျောင်း၊ အဆောက်အအုံ၊ ပရိဘောဂမှအစ ဆရာလိုအပ်ချက် အဝဝကိုပြည့်စုံလုံလောက်မှုရှိမရှိ တိုင်းခွဲ၊ ခရိုင်နှင့် မြို့နယ် အဆင့်တာဝန်ခံများက ကျေးလက်ဒေသများအထိ အမြဲမပြတ် သွားရောက် လေ့လာပြီး လိုအပ်ချက်များကို ဆင့်ကဲဆင့်ကဲ တင်ပြကြဖို့ လိုကြောင်း။

အလားတူပင် ကျန်းမာရေးကဏ္ဍ၌လည်း ဆေးရုံ၊ ကျေးလက်ကျန်းမာရေး ဌာနများ လိုအပ်ချက်၊ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် တစ်ပြေးညီ ကျန်းမာရေး စောင့်ရှောက်မှုတိုးမြှင့်ပေးရန် လိုအပ်ချက်တို့ကို တိုင်းခွဲ၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ခံများက မျက်ခြည်မပြတ်လေ့လာသုံးသပ်ပြီး ဖြည့်ဆည်းစီမံပေးခြင်း၊ မိမိအဆင့်ဖြင့် မဆောင်ရွက်နိုင်သည်များကို အထက်အဆင့်သို့ မှန်ကန်စွာ တင်ပြခြင်းများ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ဖော်ထုတ်ဖြည့်ဆည်း

နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နယ်မြေဒေသ တာဝန်ခံဌာနဆိုင်ရာ အရာရှိများက ကျေးလက်အထိဆင်းပြီး ပြည်သူများနှင့် ထိတွေ့၍ ပြည်သူများ၏ အခြေအနေနှင့် လိုအပ်ချက်များ မှန်ကန်စွာဖော်ထုတ် ဖြည့်ဆည်းပေးနိုင်ပါမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လက်တွေ့အကောင် အထည်ပေါ်ဖြစ်ထွန်းမှာဖြစ်ကြောင်း။

အလားတူပင် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နိုင်ငံတော် က ဖွဲ့စည်းပေးထားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာ နိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီအသင်းစသည့် စေတနာ့ ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ စွမ်းအားကိုလည်း ရယူဆောင်ရွက်ကြဖို့ လိုကြောင်း။

ပြည်သူများအတွင်း၌ရှိသော စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှု စွမ်းအားကို ထိရောက်စွာအသုံးပြု နိုင်သည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာလည်း လိုလေသေးမရှိ ပြည့်ပြည့်ဝဝဖြစ်ထွန်းလာမှာ အမှန်ပင်ဖြစ်ကြောင်း။

ပေါင်းစည်းယှက်နွယ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် လူမျိုးပေါင်းတစ်ရာကျော် ပေါင်းစည်း နေထိုင်ကြသည့် ပြည်နယ်နှင့်တိုင်းများဖြင့် ဖွဲ့စည်းဖြစ်တည်နေသည့် ပြည်ထောင်စုကြီးဖြစ်ရာ ပြည်နယ်တိုင်း အသီးသီးသည်လည်း တိုင်းရင်းသား လူမျိုးစုများပေါင်းစည်း ယှက်နွယ်နေထိုင်ကြသည့် ပြည်ထောင်စုငယ်လေးများပင် ဖြစ်ကြောင်း။

သို့ဖြစ်၍ မိမိတို့တာဝန်ထမ်းဆောင်နေကြသည့် ပြည်ထောင်စုငယ်လေး အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများအကြား စည်းလုံး ညီညွတ်မှု တိုးပွားခိုင်မာရေးအတွက် ဌာနဆိုင်ရာ အကြီးအကဲများက မှန်ကန်သော စည်းရုံးဦးဆောင်မှု ပေးကြဖို့တာဝန်ရှိကြောင်း။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❋

(16-4)KM.P65 16 16/4/04, 12:00 AM

ရောဝတီတိုင်းအတွင်း မြို့ချင်းဆက်လမ်းများ၊ကျေးလက်လမ်းများ ဖောက်လုပ်ပေးခဲ့ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်သည်နှင့်အမျှ ဒေသနေပြည်သူများအကျိုးတရားရရှိ မိမိတို့ဒေသ ပိုမိုတိုးတက်ရေး၊မိမိတို့လူနေမှုဘဝတိုးတက်ရေး ဝီရိယစိုက်ထုတ်ကြိုးပမ်း

ရန်ကုန် ဧပြီ ၁၅

ရောဝတီတိုင်း ဝါးခယ်မမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် Multi Media စာသင်ခန်းများဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၁ရက် နံနက် ၁၁နာရီခွဲ တွင် အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ခရိုင်၊မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ မိဘဆရာ အသင်းဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ဦးအိုက်ထွန်းတို့က သုံးထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆိုင်းဘုတ်ဖွင့်လှစ်

ထို့နောက် ထူးချွန်ကျောင်းသားကျောင်းသူများက ရွှေကြိုးဆွဲ၍ ဝါးခယ်မမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း Multi Media စာသင်ခန်းများ ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကိုဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Electronic Media(Video System)၊Printed Media (Reading Corner)၊ အိမ်တွင်းမှုနှင့် လက်မှုပညာခန်း၊Electronic Media (Language Lab)၊ Computer Applications & E-mail Computer Aided Instruction ခန်းမများကို လှည့်လည်၍ ကျောင်းသား၊ ကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများ၏ အနုပညာ စွမ်းရည်ပြတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံ ခုတင်(၅၀)ဆံ့ တိုးချဲ့ဆေးရုံသစ်၊ ပြင်ပလူနာဆောင်၊ ခွဲစိတ်ကုသဆောင်၊ သားဖွားဆောင်ဖွင့်ပွဲနှင့် ဝါးခယ်မမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်နှင့် Multi Media စာသင်ခန်းများ ဖွင့်ပွဲအစီအစဉ်ကို ကျောင်းခန်းမ၌ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရေးဦးစွာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့ကျော်က အလှူရှင်များထည့်ဝင်ငွေများဖြင့် ဝါးခယ်မမြို့နယ်၏ ပညာရေး၊ကျန်းမာရေးနှင့် မြို့စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အိုလံပစ်ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးအိုက်ထွန်းက ဝါးခယ်မမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်နှင့် Multi Media စာသင်ခန်းများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဝါးခယ်မမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ကွန်ပျူတာတစ်စုံတို့ကိုလည်းကောင်း၊ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကွန်ပျူတာတစ်စုံကိုလည်းကောင်း ကျောင်းအုပ်ဆရာမကြီးအားပေးအပ်သည်။

ထို့နောက် အလှူရှင် ဒေါက်တာဇော်ထွန်းနှင့် ဒေါက်တာဒေါ်ငွေးငွေးကြည်တို့ကဝါးခယ်မမြို့ပြည်သူ့ဆေးရုံ အဆောက်အအုံသစ်များနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ဆေးရုံအုပ် ဒေါက်တာမောင်မောင်မြင့်အား လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍အလှူရှင်ဦးအိုက်ထွန်းက ဝါးခယ်မမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်ရီအား လွှဲပြောင်းပေးအပ်သည်။

လှူဒါန်း

ထို့နောက် ဝါးခယ်မမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဦးငွေးမြင့်(ယုဇနဆောက်လုပ်ရေးက ငွေကျပ်သိန်း ၁၀၀၊ ဦးထွန်းမြင့်နိုင်(Asia World Co., Ltd)ကငွေကျပ်သိန်း ၁၀၀၊ ဦးမောင်ဝိတ်(မောင်ဝိတ်ကုမ္ပဏီ) က ငွေကျပ်သိန်း ၁၀၀၊ ဦးရန်ဟိုး(SMI Co., Ltd) က ငွေကျပ်သိန်း ၆၀၊ ဦးမောင်မောင် (Asia Express) ကငွေကျပ် ၅၄သိန်း၊ ဦးဝင်းအောင် (ဒဂုံအင်တာနေရှင်နယ်)က ငွေကျပ် သိန်း ၅၀၊ ဦးစိုးမြင့် (FMI Co., Ltd)က ငွေကျပ်သိန်း ၅၀၊ ဦးအောင်ထွေး (Golden Flower Co., Ltd)က ငွေကျပ်သိန်း ၅၀၊ ဦးညိုမင်း (မင်းဓာနည်ကုမ္ပဏီ)ကငွေကျပ်သိန်း ၅၀၊ ဦးခင်ရွှေ(ဇေကမ္ဘာကုမ္ပဏီ)က ငွေကျပ်သိန်း ၅၀၊ဦးရွှေကြိုင် (ဝါဝါဝင်းကုမ္ပဏီ)က ငွေကျပ်သိန်း ၅၀၊ဦးအုန်းမြင့်-ဒေါ်စန်းမြင့်(ထွင့်ခေါင်ကုမ္ပဏီ)က ငွေကျပ် သိန်း ၅၀၊ဦးသန်းမြင့် (Tosta Group) က ငွေကျပ်သိန်း ၅၀၊ ဦးအောင်မင်း(ထွင့်ခေါင်ကုမ္ပဏီ)က ငွေကျပ်သိန်း ၅၀၊ ဦးခင်စိုး (အဏ္ဏဝါလွှမ်း)က ငွေကျပ်သိန်း ၅၀၊ အပါအဝင်အလှူရှင်များက ငွေကျပ် ၁၂၈၅၅၂၀၀၀ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီးများက လက်ခံကြသည်။

ထို့နောက် ဆေးရုံငွေပဒေသာပင်အတွက် အလှူရှင်များက ငွေကျပ် ၂၃၂၃၅၀၀၀နှင့် ဆေးရုံသုံးပစ္စည်းများအတွက် ငွေကျပ် ၇၈၈၀၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်တို့က လက်ခံကြသည်။

ဆက်လက်၍ ဝါးခယ်မမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ငွေပဒေသာပင်အတွက် အလှူရှင်များက ငွေကျပ် ၁၀၃၀၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူတို့က လက်ခံကြသည်။

ဝါးခယ်မမြို့နယ် ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးအတွက် အသုံးပြုရန် အလှူရှင်များလှူဒါန်းငွေမှာ ငွေကျပ် ၂၄၉၀၃၇၀၀၀ ဖြစ်ကြောင်း သိရသည်။

ထို့နောက်ဝါးခယ်မမြို့နယ် အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်ကြည်(ငြိမ်း) က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာ၌ ယနေ့သည် ရောဝတီတိုင်း ဝါးခယ်မမြို့သူ၊ မြို့သားများ အပါအဝင် မြို့နယ်တစ်ခုလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ရမည့် နေ့တစ်နေ့ဖြစ်ကြောင်း။

ဝါးခယ်မမြို့တွင် ပရိယတ္တိကျောင်းတိုက်၊ ခုတင်၅၀ဆံ့ တိုးချဲ့ဆေးရုံသစ်နှင့် ဆေးရုံအတွင်းခွဲစိတ်ဆောင်၊ သားဖွားဆောင်နှင့် ပြင်ပလူနာဌာနများ၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ကြီးများ သစ်လွင်ခံ့ညားစွာဖြင့် ယနေ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ယခုကဲ့သို့ ရလဒ်ကောင်းတစ်ခု တစ်ချိန်တည်း၊ တစ်ပြိုင်တည်းပေါ်ထွန်းလာရခြင်းမှာလည်း ဦးဆောင်ဦးရွက်ကမကထပြုသူများနှင့်လုပ်ဖော်ကိုင်ဖက်စေတနာရှင်များ တက်ညီလက်ညီ ပံ့ပိုးဆောင်ရွက်ခဲ့ကြခြင်းကြောင့်ဖြစ်ကြောင်း။

ပေးအပ်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရောဝတီတိုင်း ဝါးခယ်မမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း အ တွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ဦးအိုက်ထွန်းတို့က သုံးထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးရှိ ပြည်နယ်၊ တိုင်း၊မြို့နယ်များအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးဖြန့်ကြက်ဆောင်ရွက်ပေးနေရသည့်အတွက် မြို့နယ်တစ်ခုတည်းအတွက်အားလုံးပြည့်စုံအောင် တစ်ချိန်တည်းတစ်ပြိုင်တည်းဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း။

ယခုကဲ့သို့ ဝါးခယ်မမြို့နယ်အတွက် စေတနာရှင်များက ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးမှုကြောင့် မြို့နယ်၏ ပညာရေး၊ ကျန်းမာရေးကို အထောက်အကူဖြစ်စေမည့် အဆောက်အအုံများ ပေါ်ထွန်းလာခဲ့ရသည့်အတွက် နိုင်ငံတော်၏ ကိုယ်စားအရသော်လည်းကောင်း၊ ဝါးခယ်မမြို့နယ်သူ၊ မြို့နယ်သားများအတွက်သော် လည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

နိုင်ငံတော်အနေဖြင့် ရောဝတီတိုင်း၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး စသည့် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုစေသည့် အခြေခံလိုအပ်ချက်များစွာကို တည်ဆောက်ပေးလျက်ရှိကြောင်း။

ရောဝတီတိုင်း၏ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် လမ်းတံတားများစွာ တည်ဆောက်ပေးလျက်ရှိကြောင်း၊ ယခင်က ရန်ကုန်မြို့မှ ဝါးခယ်မမြို့သို့ ရေလမ်းခရီးဖြင့် သွားရောက်ခဲ့ရပြီး ၁၄နာရီခန့် ကြာခဲ့သော်လည်း ယနေ့တွင်မူ ဗိုလ်မြတ်ထွန်းတံတား၊ ရွှေလောင်းတံတား၊ ဝါးခယ်မတံတားကြီးများတည်ဆောက်ပေးမှုကြောင့် မော်တော်ယာဉ်ဖြင့် တစ်ဆက်တစ်စပ်တည်းအချိန်နှစ်နာရီခွဲခန့်ဖြင့် သွားရောက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ပြင် ရောဝတီတိုင်းအတွင်း မြို့ချင်းဆက်လမ်းများ၊ ကျေးလက်လမ်းများ ဖောက်လုပ်ပေးခဲ့သဖြင့်မော်တော်ယာဉ်ဖြင့် အချိန်အခါမရွေး သွားလာနိုင်နေကြပြီဖြစ်ကြောင်း။

စာမျက်နှာ ၁၈ ကော်လံ ၃ သို့ ➪

✻ စာမျက်နှာ ၁၆ မှ

ဌာနဆိုင်ရာ တာဝန်ရှိသူများ အချင်းချင်းလည်း စုစည်းညီညွတ်စွာဖြင့် လုပ်ငန်း ကဏ္ဍအလိုက်ဖွဲ့စည်းပေးထားသော ကော်မတီများတွင် အမြဲမပြတ် စုဝေးဆွေးနွေး တိုင်ပင်ညှိနှိုင်းပြီး စုပေါင်းခေါင်းဆောင်မှု၊စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုတို့ဖြင့် လုပ်ငန်းများ အောင်မြင်အောင်ကြိုးပမ်း ဆောင်ရွက်သွားကြဖို့မှာကြားလိုကြောင်း။

ပြည်သူ့အကျိုးဖြည့်ဆည်း

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံ့ဝန်ထမ်းများအားလုံးက ဗျူရိုကရေစီ အကျင့်စရိုက်များရှောင်ရှားပြီး အခြေခံဒေသ ကျေးလက်များအထိဆင်းကာ ပြည်သူနှင့် တပေါင်းတစည်းတည်း တစ်သားတည်းရှိစေလျက် ပြည်သူများအကျိုး ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပြည်မြို့ ရတနာမာရ်အောင်တောရကျောင်းတိုက်သို့ သွားရောက်၍ သက်တော်(၉၉)နှစ်ရှိပြီးဖြစ်သော အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သက်တော်ရှည် ကမ္ဘာ့ရွှေရင်အေး ဆရာတော်ဘဒ္ဒန္တ ဝိဇ္ဇာဗလ အား ဖူးမြော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပြည်မြို့နယ် မှော်ဇာသို့ရောက်ရှိကြပြီး ရှေးဟောင်းသုတေသန ဦးစီးဌာန ကွင်းဆင်းနည်းပညာ သင်တန်းကျောင်း တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပြည်လေဆိပ်သို့ရောက်ရှိကြရာ လူမှုရေးအသင်းအဖွဲ့ဝင်များက သင်္ကြန်အကြို အတာရေဖြင့် ပက်ဖျန်းဂါရဝပြုကြသည်။ ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ဒိုင်းဆုချီးမြှင့်

ဧပြီ ၁၁ ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဖလား ပထမအကြိမ် မြို့နယ်ပေါင်းစုံ အသက်(၁၃)နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အား ဒိုင်းဆုချီးမြှင့်စဉ်။

(ရကတ)

➪ စာမျက်နှာ ၁၇ မှ

ထိုကဲ့သို့ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ချောမွေ့လာသည်နှင့်အမျှ ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများလည်း တိုးတက်ဖြစ်ထွန်းလာနေသည့် အကျိုးတရားများ ရရှိခံစားနေကြရပြီဖြစ်ကြောင်း။

တိုက်တွန်း

ထို့ကြောင့် ဧရာဝတီတိုင်းနေ ပြည်သူများအနေဖြင့်လည်း မိမိတို့ တိုးတက်ရရှိလာသည့်အခြေအနေကောင်းများကို အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးပြုပြီး မိမိတို့ဒေသ ပိုမို ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့ လူနေမှုဘဝ တိုးတက်မှုများ ရရှိအောင် ဝီရိယစိုက်ထုတ်ကြိုးပမ်းသွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း။

ရုပ်သိမ်း

ယနေ့ ဝါးခယ်မမြို့နယ်အတွင်းရှိ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးအတွက် များစွာ အထောက်အကူဖြစ်စေမည့် အဆောက်အအုံများကို ဆောက်လုပ်လှူဒါန်းခဲ့ကြသည့် စေတနာရှင်များအား နိုင်ငံတော်ကိုယ်စားအတွက် သော်လည်းကောင်း၊ ဝါးခယ်မမြို့နယ်သူ၊ မြို့နယ်သားများအတွက် သော်လည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ ထိုမှ တစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီးပြန်လည်ပြုပြင်တည်ဆောက်ရာတွင်ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်



တကောင်းမြို့ ဒေသလေးမျက်နှာဘုရားဂေါပကအဖွဲ့မှ



မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဖလား လူငယ်တင်းနစ်ပြိုင်ပွဲနှင့် အသင်းလိုက်တင်းနစ်ပြိုင်ပွဲ

ရန်ကုန် ဧပြီ ၁၅

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ဥက္ကဋ္ဌဖလားတင်းနစ်ပြိုင်ပွဲကို ဧပြီ ၂၅ရက်မှ မေ ၁ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်ရာ တင်းနစ်ကလပ်များနှင့် တင်းနစ်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ကြားထားသည်။

ဆက်သွယ်စာရင်းပေးသွင်းနိုင်

ပြိုင်ပွဲအမျိုးအစားမှာ (က)အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ (ခ)အဆင့်အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသမီး အလွတ်တန်းတစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက်(၃၅)နှစ်နှင့် (၆၀)နှစ် အထက် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက်(၁၀)နှစ် (၁၂)နှစ်၊ (၁၄)နှစ်၊ (၁၆)နှစ်နှင့်အောက် လူငယ် တင်းနစ်ပြိုင်ပွဲများပါဝင်မည်ဖြစ်ကြောင်း ပါဝင်ယှဉ်ပြိုင်လိုသော ကလပ်အသင်းများ တင်းနစ်အားကစားသမားများသည် ဧပြီ ၂၄ရက်နေ့ နံနက်၁၀နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း ၀၁-၃၇၂၃၆၀၊ ၃၈၁၉၉၁ နှင့် ဖက်(စ်) ၃၈၁၉၉၂သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

(သတင်းစဉ်)

ဌာနဆိုင်ရာလုပ်ငန်းများနှင့် စက်မှုဇုန် စက်မှုလုပ်ငန်းများအတွက်

No. 8, No. 10, 12 (4 mm Ø, 3.25 mm Ø, 2.5 mm Ø)

E-mail Address: mfumin@myanmar.com.mm

"ဆရာကြီး အရှင်ဆရာအောင်၏ နှစ်ဦးအလှူဒါန"

☎ 09 99 25346

သတိ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့

အခြေခံယာဉ်မောင်းသင်တန်း

* ယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၈/၂၀၀၄)ကို ၂၆-၄-၂၀၀၄ရက်နေ့တွင် ဖွင့်လှစ်မည်။
* ၁၉-၄-၂၀၀၄နေ့မှစ၍ သင်တန်းကြေးများလက်ခံပါမည်။
* (၃)လအတွင်း "ခ"လိုင်စင်ရရှိရေးဆောင်ရွက်ပေးသည်။
* ရပ်ဝေးသင်တန်းသားများနှင့် အမျိုးသမီးများအတွက် အဆောင်နှင့်စားသောက်ရေးစီစဉ်ပေးသည်။ (ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ထောက်ခံစာနှင့် အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ယူဆောင်လာရမည်။)
* ဝါရင့်ကျွမ်းကျင်ဆရာများနှင့်သင်ကြားရ၍ သင့်အတွက် အာမခံချက်အပြည့်အဝရှိပါသည်။ ဆက်လက်၍ အောက်ဖော်ပြပါရက်များတွင် ဖွင့်လှစ်မည်-

စဉ်	သင်တန်းအမည်	အမှတ်စဉ်	ဖွင့်ရက်
က	အခြေခံယာဉ်မောင်း	၈၉/၂၀၀၄	၇-၆-၂၀၀၄
ခ	။	၉၀/၂၀၀၄	၂၆-၇-၂၀၀၄
ဂ	အခြေခံယာဉ်ပြင်	၄၃/၂၀၀၄	၂၆-၄-၂၀၀၄

☛ စုံစမ်းဆက်သွယ်ရန်- ကထိက၊ မော်တော်ယာဉ်သင်တန်းဌာနခွဲ၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ ကျောက်ပန်းတောင်းလမ်း၊မိတ္ထီလာမြို့၊☎ ၀၆၄-၂၁၅၄၅။

လှိုင်ကော် အထက(၁)
အာစရိယပူဇော်ပွဲကျင်းပမည်

လှိုင်ကော် အထက(၁) နှစ်(၅၀)ရွှေရတု အာစရိယပူဇော်ပွဲ အခမ်းအနားကို ၂၀၀၄ ခုနှစ် ဧပြီ ၂၃ ရက်တွင် ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ၁၉၅၃ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ လှိုင်ကော် အထက(၁)တွင် တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး၊ ဆရာမကြီးများနှင့် လက်ရှိ ဆရာ၊ ဆရာမ ၁၉၃ ဦးတို့အား ဖိတ်ကြား၍ ပူဇော်ကန်တော့မည်ဖြစ်ရာ ကြိုဆိုနိုင်ရန်အတွက် ရပ်ဝေး ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် အောက်ဖော်ပြပါ လိပ်စာများတွင် အမြန်ဆုံးဆက်သွယ်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

တောင်ကြီး- ကိုဝင်းညွန့် ဖုန်း-၀၈၁-၂၃၁၅၁။
တော်ဝင်ဆေးဆိုင်၊ မြို့မဈေးအနောက်မြောက်ထောင့်၊ အပြင်ဘက် (တောင်ကြီး)။
အထက်မြန်မာပြည်-ဒေါ်ခင်မေထွေး ဖုန်း-၀၂-၃၄၀၁၃။
(၂၆)လမ်း၊ ၇၈ x၇၉ ကြား
ကျုံးထောင့်၊ တိုရှီဘာ အရောင်းခန်းမ(မန္တလေး)။
အောက်မြန်မာပြည်-ဆရာဦးလှဝင်း-ဆရာမကြီးဒေါ်နွဲ့နွဲ့ခင် ဖုန်း-၀၁-၆၆၀၀၀၃။

ကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း၊ တံတိုင်းဒါယကာကြီး
သတင်းစာဆရာကြီး၊ စာရေးဆရာကြီး
ဦးကြည်ညွန့် (ချစ်ကြည်ရေး-ကြည်ညွန့်)
အသက်(၇၂)နှစ်
စာတည်းမှူးချုပ် (ငြိမ်း)၊ အကြံပေးအရာရှိ (ငြိမ်း)
မြန်မာ့အလင်း သတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ဗဟိုအမှုဆောင်ကော်မတီဝင်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့
(ဥက္ကံမြို့)

၁၁-၄-၂၀၀၄ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၁၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော ဖခင်ကြီးမကွယ်လွန်မီက ပြုစုစောင့်ရှောက်ပေးခဲ့ကြသော သမားတော်ကြီးနှင့် Yangon Medical Centre မှ ဆရာဝန်၊ ဆရာမ၊ ဆေးခန်းဝန်ထမ်းများအားလည်းကောင်း၊ ကျန်ရစ်သူမိသားစုအား နှစ်သိမ့်အားပေးသည့် လိုအပ်သည်များကို ကူညီစောင့်ရှောက်ပေးကြသော ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ၁၃-၄-၂၀၀၄ရက်(အင်္ဂါနေ့)တွင် ဈာပနအခမ်းအနားသို့ လိုက်ပါပို့ဆောင်ကြသော ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများအားလည်းကောင်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များအား လည်းကောင်း၊ ဖခင်ကြီးနှင့် လုပ်ဖော်ကိုင်ဖက်များ၊ တပည့်များအား လည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား လည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ကိုနေဝင်း(ခ)အော်ဖေး(ခ)အန်ကောက်

ရန်ကုန်မြို့၊ (၁၇)လမ်း၊ အမှတ်(၇၁)နေ (ဦးမောင်သိုက်)-ဒေါ်နှင်းရီတို့၏ တစ်ဦးတည်းသောသား၊ ဒေါ်နန်းဥမ္မာခိုင်ထွန်း၏ ချစ်ခင်ပွန်း၊ သူရနေဝင်း၏ ဖခင်သည်၁၀-၄-၂၀၀၄ရက်တွင် ကွယ်လွန် သွားပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

ဒေါ်သန်းရီ ရှေ့သို့ခရီးသွားလုပ်ငန်းမိသားစု၊ မန္တလေးမြို့။

မီးဘေးရှောင် မလောင်ခင်တား

ဒေါ်တင်လှ (၇၆)နှစ်
(ထားဝယ်)

အမှတ်(၅၆၄)၊ ရေးလမ်း၊ မြောက်ရွာရပ်နေ (ဦးလူညို-ဒေါ်ပို)တို့၏ သမီးကြီး၊ (ဦးအုန်းမောင်)၏ ချစ်လှစွာသောဇနီး၊ ဦးစံတင်-(ဒေါ်သန်းခင်)၊ ဦးသန်းလွင်-ဒေါ်နန်းကျော့၊ ဒေါ်တင်အုန်း၊ ဦးပိုးမောင် (ဒေါ်မြစိန်)တို့၏ အစ်မ၊ မစောရွှေ၊ ကိုမျိုးလွင်၊ ကိုသိန်းတန်၊ ကိုကျော်ကျော်သန့် (Mega Steel)၊ ဗိုလ်ကြီးကျော်ခင်ဆင့်(တပ်မတော်-လေ)-ဒေါ်ခင်မိုးသူတို့၏မိခင်၊ မြေးသုံးယောက်၏တို့အဘွားသည် ၁၅-၄-၂၀၀၄ရက် နံနက် ၂နာရီတွင်ကွယ်လွန်ပါ၍ ၁၆-၄-၂၀၀၄ ရက်တွင် ထားဝယ်မြို့ ဝဲကျွန်းသုသာန်တွင် ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးမြအေး(၇၃)နှစ်
ဒု-ဦးစီးမှူး၊စက်မှုလယ်ယာဦးစီးဌာန
(အငြိမ်းစား)

ရန်ကုန်တိုင်း၊ အင်းစိန်၊ ရွာမနေ (ဦးထွန်းစိန်-ဒေါ်နှင်းမြိုင်)တို့၏သားကြီး၊ ဦးမြတ်လွင်(ခ)ဦးတင်အေး-ဒေါ်ယဉ်မြိုင်၊ ဦးသန်းညွန့်-ဒေါ်ကြည်စိန်တို့၏ အစ်ကို၊မသီတာအေး၊မစန္ဒာအေး၊ ကိုကစ်ကစ်-မငယ်လေး(ခ)မသန္တာအေး၊ မောင်စည်သူ၊မချယ်ရီအေးတို့၏ဖခင်ကြီး၊ မောင်စိုင်းဇေယျာမင်း၊ မောင်ထွန်းပြည့်စုံ၊ မောင်ဟိန်းထက်ဇော်တို့၏အဘိုး၊ အမှတ်(၁၁၂)၊ အမှတ်(၄)လမ်းမကြီး၊ ပန်းခြံစု၊ ဇီးကုန်း၊ ရွှေပြည်သာမြို့နေ ဒေါ်တင်ဝင်း၏ ခင်ပွန်းသည် ၁၁-၄-၂၀၀၄ရက်တွင် SAKURA အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ၁၁-၄-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးအေးမြင့်(ခ)
စာရေးဆရာမင်းခန့် (၄၈)နှစ်
(ပျဉ်းမနား)
(မြန်မာ့မီးရထား)

ပျဉ်းမနားမြို့၊စိုက်ပျိုးသိပ္ပံနေ (ဦးထီ-ဒေါ်စိန်မေ)တို့၏သား၊ ဦးထိန်လင်း-(ဒေါ်ခင်အုပ်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ပုဇွန်တောင် မီးရထားဝင်း၊ လိုင်း ၁၀၊အခန်း(အီး)နေ ဒေါ်စန်းစန်းထိန်၏ခင်ပွန်း၊ ဦးဇာနည်မောင်(မြန်မာ့မီးရထား)၊ မောင်ရဲလင်းမောင်၊ မောင်စည်သူမောင်တို့၏ ဖခင် ဦးအေးမြင့်(လ/ထကြီးကြပ်ရေးမှူး၊ တိုင်းအမှတ် ၇-မြန်မာ့မီးရထား)သည် ၁၅-၄-၂၀၀၄ရက် ညနေ ၆း၅၀နာရီတွင် ရန်ကုန်ဆေးရုံကြီးဦးနှောက်နှင့် အာရုံကြောကုဌာန၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၀၄ရက် ညနေ ၃နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပါမောက္ခ ဒေါက်တာဒေါ်လှကြည်
M.B.,B.S, MRCOG, MMSA, FRCOG
အသက်(၈၁)နှစ်
ပါမောက္ခ (ငြိမ်း)၊ သားဖွားနှင့်မီးယပ်ပညာဌာန
ဆေးတက္ကသိုလ်၊ ရန်ကုန်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာလမ်း(ဗဟိုလမ်း)၊ အမှတ်(၃၉)နေ (ဦးသာဒွန်း-ဒေါ်စိန်ညွန့်)တို့၏သမီး၊ (ဦးထွန်းတင်)၏ ဇနီး ဒေါက်တာဒေါ်လှကြည်သည် ၁၁-၄-၂၀၀၄(တနင်္ဂနွေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၄-၂၀၀၄(အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၀၄ (သောကြာနေ့)နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု။

ဦးတင်လှ အသက်(၇၀)
B.A.Dip Agri, B.Ag. Dip.Ed
မြောင်းမြ၊လက်ပံတန်း
ကျောင်းအုပ်ကြီး(ငြိမ်း) ဘိုကလေးဆရာအတတ်သင်ကျောင်း

လက်ပံတန်းမြို့နေ(ဦးသိုက်ထွန်း-ဒေါ်အေး)တို့၏သား၊ ဦးမောင်မောင်အေး၏ညီ၊ မြောင်းမြမြို့နေ(ဦးအင်းငွေ)-ဒေါ်ကျင်ဟိန်တို့၏သားသမက်၊ အမှတ် ၁၇၈(၅/၆လွှာ)ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ်နေဒေါ်ခင်နွယ်ရီ(လ/ထ ကထိက-ငြိမ်း၊ ရန်ကင်းပညာရေးကောလိပ်)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်ဆွေဝင်း၊ ဒေါ်စန်းနီ(ကျောင်းအုပ်ကြီး၊ ငြိမ်း၊အထက-၁-ပန်းဘဲတန်း)၊ ဒေါ်ခင်ဆွေတင့်(လ/ထ ညွှန်ကြားရေးမှူး၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန)၊ ဦးစိန်ဝင်း(မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ရန်ကင်း)-ဒေါ်ခင်ဆွေအေး(အလက-၄၊ ရန်ကင်း)တို့၏ အစ်ကိုကြီး ဦးတင်လှသည် ၁၄-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်ပါ၍ ၁၆-၄-၂၀၀၄(သောကြာနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။(ဈေးကွေ့မှတ်တိုင်အနီး ဦးချစ်မောင်လမ်း၊ဗဟန်းမြို့နယ်နေအိမ်မှ နံနက် ၉နာရီတွင် ကားများထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ကြည် (၇၇)နှစ်
B.A.,B.L
Managing Director
Phoenix Trading Co.,Ltd., Japan
(ဝန်းသို)

ရန်ကုန်မြို့နေ (ဦးဘချစ်-ဒေါ်ကြွေ)တို့၏ သားကြီး၊ ဗိုလ်တထောင် လမ်းသွယ်(၂)နေ ဒေါ်ဒေါ်လီ၏ခင်ပွန်း၊ ကမ္ဘာအေးနေ ဦးခင်မောင်ဦး-ဒေါ်သဇင်လတ်၊ဦးဝင်းငွေ-ဒေါ်ခင်စန္ဒာ၊ဒေါ်ခင်သန္တာတို့၏ ဖခင်၊ မဟန်သူလတ်၊ မသီရိနှင်းတို့၏ အဘိုး၊ ညီ၊ ညီမ ၁၀ ယောက်တို့၏ အစ်ကိုကြီး၊ တူ၊ တူမ ၁၉ယောက်တို့၏ ဘကြီးသည် ၁၃-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၀၄ရက်တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးသန်းစိုးလေး(၇၄)နှစ်
အငြိမ်းစား၊ အလုပ်သမားအစည်းအရုံး
ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်
(ကျွဲခြံရွာ/ပေါင်မြို့)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက်(၂၆၁)၊အခန်း(၂၀)နေ (ဦးရှိန်-ဒေါ်မမလေး)တို့၏သား၊ (ဦးဘရင်) (ဒေါ်ခင်ကြည်)(ဦးဘသင်)တို့၏ ညီ/မောင်၊ဒေါ်ခင်ရှိန်(အငြိမ်းစားလယ်/ပြ၊အလက-၃၊ရန်ကင်း)၏ ခင်ပွန်း၊ မထက်ထက်ဝန်း(B.E.,Electronics)(M.Sc. Computer Science)၊ ကိုအောင်ဆန်းကို(B.A Mech;)-မအေးအေးလွင်B.Sc.,(Botany)တို့၏ ဖခင်မောင်လင်းဇေယျအောင်(ခ) သားလုံးလေး၏ ဘိုးဘိုးသည် ၁၅-၄-၂၀၀၄ရက် မွန်းလွဲ၁၂း၄၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ကြည် အသက်(၈၀)
(အင်းစိန်)

အင်းစိန်မြို့၊ဘုန်းကြီးလမ်း၊အမှတ်(၁)နေ(ဦးဘိုးသိုက်-ဒေါ်ဒေါ်ယု)တို့၏သမီး၊ (ဦးကျော်ငြိမ်း)၊ ဒေါ်ခင်တင့်၊ ဦးအောင်ခင်၊ဒေါ်ရင်ရင်၊(ဦးလှ)(ဒေါ်ကြည်ညွန့်)၊ (ဒေါ်ရင်မေ)တို့၏ ညီမ၊ ဦးတင်အုန်း၊ ဒေါ်ခင်မျိုးဝင်း၊ဦးထွန်းသိန်း၊ဒေါ်စောလှ၊ ဦးတင်ဦး(ဒေါ်မိုမိုအောင်)၊ ဦးအုန်းလှိုင် (ဒေါ်ခင်အေးလှိုင်)၊ ဦးမြသန်း၊ဒေါ်မြမြ တို့၏အစ်မ၊ ဦးသိန်းထွန်း၊ဒေါ်ချိုချိုဆင့်တို့၏မိခင်၊ဒေါ်ကြည်သည်၁၅-၄-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၅-၄-၂၀၀၄ရက် ညနေ ၅း၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟဇရသ်အလ္လမာဟာဘီ
ဘုလ်ဘော်ရှောရ်ခိုင်ရီ
(ကျောက်တော်)
အသက်(၇၁)နှစ်
B.A IMM(DACCA)
(မွမ်တားဇွလ်မူဟဒီးစ်၊ မူဖစ်စေရွလ်ကုရ်အာန်၊ ဝါအေဇ၊ စဲဟရွလ်ဘယမ်း၊ ရှေ့စွလ်ဟာဒီးစ် အာရှေကေရစူလ်၊နက်ရှာဘန္ဒီးယား၊ မူဂျက်ဒဒီးယား) ဆရာကြီး

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၂၃၂)၊ ဗိုလ်အောင်ကျော်လမ်းနေ (မော်လနာဟာဗီဇရမန် - ဒေါ်ကမာလ်လူနီဆာ)တို့၏ သားကြီး၊ ဒေါ်ရှာဘီရာခါတွန်၏ ခင်ပွန်း၊ ဦးဘချို-(ဒေါ်ညွန့်)၊ ဦးရွှေသာ-ဒေါ်အာမီနာ၊ ဦးတင်မောင်-(ဒေါ်သိန်းညွန့်)တို့၏ အစ်ကို၊ဦးချစ်ကိုကိုထွန်း-ဒေါ်နုနုဟန်၊ ဒေါ်နီနီဟန်၊ ဒေါ်မြမြဟန်၊ ဒေါ်လှလှဟန်(BIO နည်းပြ)၊ ကိုသီဟန်၊ မညွန့်ညွန့်ဟန်၊ မမိုးမိုးဟန်၊ မသင်းသင်းဟန်၊ မယုယုဟန်တို့၏ ဖခင်၊ မောင်မင်းခန့်ကို၏ အဘိုးသည် ၁၅-၄-၂၀၀၄ရက် ညနေ ၄း၃၀နာရီတွင် အလ္လဟ်အမိန့်တော်ခံယူသွားပါ၍ ၁၆-၄-၂၀၀၄(သောကြာနေ့) ဂျုမာနားမာစ်အပြီး အထက်ပါနေအိမ်မှ သန်လျင်မြို့နယ် ဒါရ်ကာကဘာရ်စတန်(သချိုင်း)၌ ဂျနာဇာနာမစ်ဝတ်ပြုပြီးဒါဖနာပြုလုပ်မည်ဖြစ်ကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးကိုလေး
အသက်(၇၃)နှစ်
အမှတ်(၁)တပ်မတော်တပ်ထိန်း(ရေ)

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ(၂၁)လမ်း၊ အမှတ်(၁၅)နေ (ဦးဘစိန်-ဒေါ်ငွေရှင်)တို့၏ သား၊ (ဒေါ်ကျင်ရွှေ)၏ခင်ပွန်း၊ (ဦးခင်မောင်ဝင်း-ဒေါ်သန်းလှ)၊ ဦးရဲထွင့်-ဒေါ်လှလှသိန်း၊ ကိုမျိုးမြင့်(တပ်မတော်-ရေ)-ဒေါ်စန်းစန်းမြင့်၊ ဦးမောင်တင်-ဒေါ်အေးတင်တို့၏အစ်ကို၊ ဦးအောင်ကြိုင်ထွန်း(တပ်မတော်-ရေ)-ဒေါ်တင်တင်လှ၊ ဦးအောင်နိုင်ထွန်း-ဒေါ်ဌေးဌေးအောင်၊ ဦးဝင်းဌေး-ဒေါ်သီတာထွန်း(မြန်မာ့ဆက်သွယ်ရေး)၊ မနီလာထွန်းတို့၏ မွေးသဖခင်၊ မြေး၄ယောက်တို့၏အဘိုးသည် ၁၅-၄-၂၀၀၄(ကြာသပတေးနေ့)ညနေ ၆နာရီတွင် ကွယ်လွန်ပါသဖြင့် ၁၆-၄-၂၀၀၄(သောကြာနေ့) မွန်းလွဲ၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းတည့်၁၂နာရီတွင်ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဦးကျော်အောင်(၆၆)နှစ်
(ပခုက္ကူ)

ပခုက္ကူမြို့နယ်၊ အရှေ့ချောက်ကန်ကျေးရွာနေ(ဦးသိန်း)-ဒေါ်လှခင် တို့၏ သား၊ (၇)ရပ်ကွက်၊ အာဇာနည်လမ်းနေ ဒေါ်ခင်ရီ(အနန္တဂုဏ်တွင်ခုံလုပ်ငန်း)၏ ခင်ပွန်း၊ ဦးအေးရှောင်-ဒေါ်ကျင်လှိုင်၊ ဦးသော်-ဒေါ်ဗျား (သော်တာဝင်းပွဲရုံ)၊ ဦးမှတ်-(ဒေါ်လှတင်)၊ ဦးသန်းဌေး-ဒေါ်ထား၊ ဒေါ်ရွှေကြည်တို့၏အစ်ကို၊ မမာမာအေး၊ကိုမြင့်လွင်-မခင်စန်းရီ၊ ကိုမြင့်စိုး-မနီလာ၊ကိုတင်ထွန်း (နွေကိုတူး-ပခုက္ကူ)-မမြင့်မြင့်အေး၊ ကိုကျော်စိုး(H_3 Physics ပခုက္ကူတက္ကသိုလ်)၊ မမီမီညို၊ ကိုရဲမြင့်အောင်-မလဲ့လဲ့သိန်းတို့၏ မွေးသဖခင်၊ မောင်လက်ချမ်းငြိမ်း၊ မောင်အောင်သူရ၊ မောင်အောင်သီဟနှင့် မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၁-၄-၂၀၀၄ (တနင်္ဂနွေနေ့)တွင် ထီးလင်းမြို့နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၀၄ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော်ဘဒ္ဒန္တပညာဝံသ
သိက္ခာတော်(၅၁)ဝါ၊ သက်တော်(၇၁)နှစ်

သာသနဝိဘာဝနီကျောင်း သရက်ကုန်းကျေးရွာ အိမ်မဲမြို့နယ် ဧရာဝတီတိုင်း ဧရာဝတီတိုင်း၊ အိမ်မဲမြို့နယ်၊ သရက်ကုန်းကျေးရွာ သာသနဝိဘာဝနီကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ဘဒ္ဒန္တပညာဝံသသည် (၁၃၆၅ ခုနှစ် တန်ခူးလပြည့်ကျော် ၁ ရက်) ၅-၄-၂၀၀၄(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခု ကဆုန်လဆန်း ၅ရက်၊ ၂၃-၄-၂၀၀၄(သောကြာနေ့)တွင် အန္တိမ အဂ္ဂိရှာပနပွဲပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆရာတော်၏ ဆွေတော်မျိုးတော် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ
ဈာပနကျင်းပရေးကော်မတီ သရက်ကုန်းကျေးရွာ၊ အိမ်မဲမြို့

ဒေါ်ခင်ကြည် (၈၄)နှစ်
(Kath Leen Maung)
အကြီးတန်းလက်ထောက်အုပ်ချုပ်ရေးမှူး(ငြိမ်း)
ကုလသမဂ္ဂပြန်ကြားရေးဌာန

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ သီရိမာလာလမ်းသွယ်၊ အမှတ်(၅၆-F) နေ ဦးမောင်မောင်-ဒေါ်စောတင်တို့၏ သမီး၊ (ဦးစိုးလှိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ငြိမ်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)၏ ဇနီး၊ (ဦးဖေသန်း၊ဒုရဲမှူး-ငြိမ်း-ဒေါ်ခင်ခင်)တို့၏ညီမ၊ (ဒေါ်တင်တင်မြင့်) (Lucy Maung)-(ဦးစံရီ၊ ရဲမင်းကြီး-ငြိမ်း)၏ ညီမ၊ (ဗိုလ်မှူးကြီးတင်ထွန်း၊ညွှန်မှူး-ငြိမ်း၊ ကကဆက်)-ဒေါက်တာဒေါ်ခင်သန်းနု (ကလေးဆေးရုံအုပ်ကြီး-ငြိမ်း)တို့၏ အစ်မ၊ ဒေါ်လှိုင်မေသန်း-ဦးကျော်လွင်(ညွှန်ချုပ်၊မွေး/ရေဝန်ကြီးဌာန)၊ ဦးသက် ထွန်း၊ ဦးသက်စိုး၊ ဦးသက်ထွေး(Bosun Golden Eagle Co., Ltd)-ဒေါ်ကလျာထွန်းတို့၏ မိခင်၊ ဦးကျော်ဆန်းလွင်၊ ဗိုလ်ကြီးကျော်ဌေးလွင်-ဒေါ်ဝင်းဝါတင်စိန်၊ ဒေါ်တင်မာလွင်၊ မသဲနန္ဒာစု၊ မောင်ဝေဖြိုးဟိန်းတို့၏ အဘွား၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၁၂-၄-၂၀၀၄ရက် ည ၉း၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ကျောင်းဒါယကာကြီး
ဦးကြည်စိုး (၇၇)နှစ်
(သစ်ကြားကုန်း)

ရန်ကုန်မြို့၊ အမှတ်(၁၉၃)၊ (၂၈) လမ်း၊ (ပထမထပ်)၊ ပန်းဘဲတန်းမြို့နယ်နေ (ဦးသိန်းမောင်-ဒေါ်ဖွားသင်)တို့၏သား၊ ဒေါ်ကြင်ရွှေ၏ ခင်ပွန်း၊ (ဦးအုန်းကြည်)-ဒေါ်အုန်းခင်တို့၏ မောင်၊ (ဦးတင်ဦး)-ဒေါ်အုန်းဝေ၊ ဦးညွန့်လွင်-ဒေါ်ကြည်ကြည်ခိုင်တို့၏ အစ်ကို၊ ဦးခင်မောင်ဘို-ဒေါ်မေဖြူခင်၊ ဦးဝင်းလတ်၊ ဦးဇော်ဝင်း-ဒေါ်ဝါဝါစိုး၊ ဦးအောင်ဇော်-ဒေါ်ညိုညိုစိုးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ကိုတင်အေးကျော်-မခင်ချော စု၊ ကိုအောင်မြင့်-မခင်သက်လျာ၊ မောင်စိုးလူဇော်၊ မောင်ကောင်းသော်၊ မနှင်းနုဝေ၊ မလမင်းသော်တို့၏ အဘိုးသည် ၁၂-၄-၂၀၀၄(တနင်္လာနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမဒေါ်ရှစ္စရ်ဘီ(ခ)ဒေါ်ကြူကြူ
အသက်(၇၈)နှစ်

ရန်ကုန်မြို့နေ (ဦးအာမက်အဖ်ဇာလ-ဒေါ်ဘူဒီမာဘီ)တို့၏ သမီး၊ ယခင်ဟယ်လ်ပင်လမ်းနေ[ဟာဂျီနူရ်မာမက်(ခ) ဦးမာအာငြိမ်း]၏ ဇနီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်လမ်းသွယ်(၁)၊ အမှတ်(၂၁)နေ ဒေါ်ခတ်တူး(ခ)ဒေါ်တီတီ၏ မိခင်၊ ဟာဇာရှာဗီ(ခ)မစုမြတ်မွန် (အထက-၂၊လသာ)၏ အဘွား ဟာဂျီမ ဒေါ်ရှစ္စရ်ဘီ(ခ)ဒေါ်ကြူကြူသည် ၁၅-၄-၂၀၀၄ရက် နံနက် ၁၀း၁၅ နာရီတွင် အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့အစွာရ်နမာဇ်အပြီး(၅၂)လမ်းဗလီမှ ရေဝေးကဘာန်စတန်တွင် ဒါဖနာပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးတင်ထွန်း(၆၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၂၂)၊ မဟာဗေယျလမ်းနေ ဒေါ်တင်လှ၏ခင်ပွန်း၊ ဦးမြင့်ရွှေ-ဒေါ်ကြည်ကြည်ဝင်း၊ ဗိုလ်မှူးမင်းရွှေ-ဒေါ်ဇာနီဝင်း၊ ဦးတင်ဇော်ထွန်း-ဒေါ်အေးသီတာ၊ဦးအောင်ဇော်ထွန်းတို့၏ ဖခင်၊မောင်ပြည့်ဖြိုးကျော်၊မောင်ဇင်မျိုးကျော်၊ မောင်စံချိန်ထွန်းတို့၏ အဘိုးသည် ၁၄-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍၁၆-၄-၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၉နာရီထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဦးမြင့်သောင်း(ခ)ဦးလေးလေး
အသက်(၅၅)နှစ်

အမှတ်(၂၀၉/ခ)၊ ဒုတိယထပ်၊ ရွှေဂုံတိုင်လမ်း၊ဗဟန်းမြို့နယ်နေ(ဦးကျော်စိန်-ဒေါ်ညွန့်တင်)တို့၏သား၊ ဦးစိန်ဝင်း-ဒေါ်လှကြည်၊ ဦးဟိုပိန်-ဒေါ်အုန်းသန်း၊ ဦးသန်းစိန်-ဒေါ်ခင်အုန်းကြည်တို့၏ ညီ/မောင်၊ ဦးစောမြင့်၊ ဦးအောင်ဆင့်-ဒေါ်အေးအေး၊ ဒေါ်အေး အေးခင်၊ ဦးဌေးအောင်-ဒေါ်တင်ရီတို့၏ အစ်ကို၊ တူ၊တူမ၁၅ယောက်တို့၏ ဦးလေးသည် ရန်ကုန် ဆေးရုံကြီး၌ ၁၅-၄-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၁၆-၄-၂၀၀၄ ရက်ညနေ ၃နာရီတွင်ရေဝေး သုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁း၁၅နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

သိမ်၊ ကျောင်း၊ ရဟန်းအမကြီး
ဒေါ်စောကြည်(သပြုရွာ)
အသက်(၇၈)နှစ်

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ သပြုရွာနေ (ဦးငွေစိုး - ဒေါ်အေးခင်)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၈လမ်း၊ အမှတ်(၆၅)(ပ)ထပ်နေ (ဦးစိန်လှိုင်)၏ ဇနီး၊ဦးမြင့်သန်း -ဒေါ်ရွှေမိ၊ဦးထွန်းလင်း-ဒေါ်မြမြ၊ ဦးမြင့်သိန်း-ဒေါ်ခင်မာလွင်၊ ဦးစိန်လှ-ဒေါ်ခင်ခင်ဝင်း၊ ဦးအောင်အောင်-ဒေါ်မော်မော်နိုင်၊ဦးအောင်ကြည် -ဒေါ်သိန်းသိန်းခိုင်၊ ဒေါ်သန်းသန်းဌေး၊ မခင်မာဝင်းတို့၏မိခင်၊ မြေး၁၈ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၁၅-၄-၂၀၀၄(ကြာသပတေးနေ့) နံနက် ၁၁း၁၀နာရီတွင် ကွယ်လွန်သပါ၍ ၁၆-၄-၂၀၀၄ (သောကြာနေ့) မွန်းတည့်၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ အနောက်ကြို့ကုန်း၊ အမှတ်(၁၃/ခ) သစ်တောဦးစီးဌာန (ရုံးချုပ်)ဦးထွန်းလင်း- ဒေါ်မြမြနေအိမ်မှ ကားများ နံနက်၁၁ နာရီထွက်မည်။
ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာကြီး
ဦးတင်သိမ်း အသက်(၇၀)

ဆိုင်မန်နေဂျာ(ငြိမ်း) စား/ဖျော်
ကျောင်းကုန်းမြို့နေ (ဦးမောင်စိန် - ဒေါ်မိုန်)တို့၏သား၊ ပုသိမ်မြို့နေ (ဦးဘသစ်-ဒေါ်တင်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၅၆လမ်း၊ အမှတ်(၃)နေ (ဒေါ်ခင်ခင်)၏ခင်ပွန်း၊ ဦးသန်းဝင်း(က-က-ဝယ်)-ဒေါ်သီတာဇင် (အသေးစားချေးငွေ၊ ရုံးချုပ်)၊ ဒေါ်နီလာဇင် (ဇင်ဇင်အလှပြုပြင်ရေး)၊ ဦးစိုးမြင့်အောင်(A.W.P.T) - ဒေါ်ချိုချိုမြင့်ဦး (အမက -၁၃၊ ထောက်ကြန့်)၊ ဦးစိန်ဝင်းအောင်၊ ဦးမိုးကျော်အောင်တို့၏ဖခင်၊ မစောယုယနွယ်၊ မောင်အောင်ကိုကိုမင်း၊ မောင်သန့်ထက်၊ မောင်ခိုင်ညီညီသော်တို့၏ အဘိုးသည် ၁၁-၄-၂၀၀၄ရက် နံနက် ၅း၃၇နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၄-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။
ကျန်ရစ်သူသားသမီးတစ်စု။

အရက်ကြောင့်ဖြစ်သည့်ရောဂါများ

အရက်ကို လွန်ကျွံစွာနှင့် စွဲလမ်းစွာ သောက်သုံးခြင်းကြောင့်ဖြစ်ပွားတတ်သော ရောဂါများမှာ-

- အသည်းရောင်ခြင်း၊
- အသည်းခြောက်ခြင်း၊
- သွေးအန်ခြင်း၊
- အစာအိမ်ရောဂါဖြစ်ခြင်း၊
- နှလုံးရောဂါဖြစ်နိုင်ခြင်း၊
- ဦးနှောက်နှင့်အာရုံကြောထိခိုက်ခြင်း၊
- စိတ်ရောဂါများဖြစ်ခြင်းစသည်တို့ဖြစ်ပါသည်။

အရက်ကြောင့်ဖြစ်တတ်သော စိတ်ရောဂါများမှာ-

၁။ ကယောင်ကတမ်းဖြစ်ခြင်း (Delirium Tremers)၊ ကြောက်လန့်ခြင်း၊ အချိန်၊ နာရီ၊ နေရာ၊ လူခန့်မှန်း နိုင်စွမ်းမရှိခြင်း၊ ကြောက်စရာ လန့်စရာများမြင်ရခြင်း၊ အသံဗလံများကြားရခြင်း၊ ပိုးမွှားများ ခန္ဓာကိုယ်ပေါ် ရွစိရွစိသွားသလို ခံစားရခြင်း၊ လက်တုန်ရောဂါဖြစ်တတ်ခြင်း။
၂။ အရက် အလွန်အကျွံသောက်သည့်အခါတွင် လူမရှိဘဲ နားထဲတွင် ခေါ်သံများ၊ ခြိမ်းခြောက်သံများ၊ စော်ကားမော်ကားသံများ ကြားနေရတတ်ခြင်း (Alcoholic Hallucinosis)။
၃။ အတက်ကြီးရောဂါဖြစ်ခြင်း (Rum Fits) (ဝက်ရူးပြန်ရောဂါကဲ့သို့တက်ခြင်း)။
၄။ စိတ်ဓာတ်ကျရောဂါဖြစ်တတ်ခြင်း (Depressive Illness)။
၅။ စိတ်ဖောက်ပြန်ခြင်း (Alcoholic Psychosis)။
၆။ ဦးနှောက်ချို့ယွင်းခြင်း။
၇။ အရက်နှင့်မတည့်သောသူများသည် အရက်အနည်းငယ်သောက်ရုံဖြင့် ရုတ်တရက် စိတ်ဖောက်ပြန်တတ်ခြင်း (Pathological Drunkenness)။
၈။ မိမိ၏ဇနီးကို အထင်အမြင်လွဲမှားခြင်းများ ဖြစ်တတ်ခြင်း (Morbid Jealousy)။
၉။ အရက်ကြောင့် ရာဇဝတ်မှုကျူးလွန်သည်အထိ ဖြစ်နိုင်ခြင်း။

အထက်ပါဆိုးကျိုးများကို မခံစားရစေရန် အရက်သောက်သုံးခြင်း၊ အထူးသဖြင့် အလွန်အကျွံသောက်သုံးခြင်း၊ အရက်ကို စွဲလန်းစွာ သောက်သုံးခြင်းတို့မှ ရှောင်ကြဉ်ရန် တိုက်တွန်းအပ်ပါသည်။ အရက်စွဲရောဂါဖြစ်ပွားပါက စိတ်ကျန်းမာရေးဆေးရုံနှင့် ကုသရေးဌာနများတွင် စနစ်တကျ ကုသမှုခံယူရန် အသိပေးနှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက် (၂)

ဆေးရုံသို့ အမြန်ပြသပါ။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊သတိ လစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန။**

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံကြီး ခုတင်(၅၀)ဆံ့ တိုးချဲ့ဆေးရုံသစ်ရှိ ပြင်ပလူနာခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် မူလဆေးရုံ အဆောက်အအုံတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧရာဝတီတိုင်း ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံကြီး ခုတင် (၅၀) ဆံ့ တိုးချဲ့ဆေးရုံသစ်ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဧပြီ ၁၅

ဧရာဝတီတိုင်း မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်ရှိ ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံကြီး ခုတင် (၅၀) ဆံ့တိုးချဲ့ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၁ရက် နံနက် ၁၁နာရီတွင် အဆိုပါ တိုးချဲ့ဆေးရုံသစ်ရှေ့၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ တိုးချဲ့ဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

ယနေ့ထုတ် ခေါင်ရေ ၁၉၇၈၈၁

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဟုမ္မလင်းမြို့ မိုးရေချိန် စံချိန်သစ်တင်

ရန်ကုန် ဧပြီ ၁၅

၂၀၀၄ ခုနှစ် ဧပြီလ ၁၅ရက် မြန်မာစံတော်ချိန် နံနက် ၉း၃၀နာရီ အချိန်တွင် ဟုမ္မလင်းမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် မီလီမီတာ ၄၀ (၁ ဒသမ ၅၇ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၃၉နှစ်အတွင်း ဧပြီလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပြန်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဧရာဝတီမြစ်ကူး ဧရာဝတီတံတား (ရတနာပုံ) သံပေါင်တင် မင်္ဂလာအခမ်းအနားတွင် တံတားသံပေါင်၌ ရွှေမှုလီကို တပ်ဆင်ပေးပြီး သံပေါင်တင်နေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဧရာဝတီတံတား(ရတနာပုံ) သံပေါင်တင်အခမ်းအနား တက်ရောက်

ရန်ကုန် ဧပြီ ၁၅

မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့ကို ဆက်သွယ်မည့် ဧရာဝတီမြစ်ကူး ဧရာဝတီတံတား(ရတနာပုံ)သံပေါင်တင် မင်္ဂလာအခမ်းအနားကို ဧပြီ ၁၁ရက် နံနက် ၉နာရီခွဲတွင် မန္တလေးဘက်ကမ်း ပင်မတံတားတိုင်အနီး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်ပြီး တံတားသံပေါင်၌ ရွှေမှုလီကို တပ်ဆင်ပေးသည်။

တက်ရောက်

ဧရာဝတီတံတား(ရတနာပုံ) သံပေါင်တင် မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❒